
စိတ်ကူးချိုချိုအနုပညာ

mgyoe.com



# အလုပ်အင်တာဗျူး
# နည်းလမ်းကောင်းများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

mgyoe.com

mgyoe.com

ယနေ့ခေတ် အလုပ်ခေါ်ယူရာတွင်
အင်တာဗျူးဖြင့် အလုပ်ခေါ်ခြင်းမျိုးက
ပို၍ တွင်ကျယ် များပြားလာပါတယ်။
အဆင့်မြင့် အလုပ်အကိုင်များကို
မျှော်မှန်းထားသူတိုင်းဟာ မလွဲမသွေ
အင်တာဗျူးတွေကို ကျော်ဖြတ်ကြရမှာမို့
အလုပ်ရှင်တွေ ကုမ္ပဏီတွေ တစ်ခုချင်းရဲ့
သဘောသဘာဝတွေ၊ လိုအပ်ချက်တွေကို
ကြိုတင် သိရှိနားလည်ထားမှ ကိုယ့်ရဲ့
ကျွမ်းကျင်မှုတွေ စွမ်းရည်တွေ ဗဟုသုတတွေကို
ကြိုတင် ဖြည့်စွမ်းနိုင်ပါမယ်။ ဒါမှလည်း
အင်တာဗျူးတွေကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ပြီး
လုပ်ငန်းခွင်တွေဆီ အရောက်လှမ်းနိုင်ကြမှာ
ဖြစ်ပါတယ်။

# အလုပ်အင်တာဗျူး နည်းလမ်းကောင်းများ

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

mmm0029

2200.00 Ks

mgyoe.com

mgyoe.com

အလုပ်အင်တာဗျူးနည်းလမ်းကောင်းများ။ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)
အပြင်အဆင်-အမ်အက်စ်အို၊ စာမျက်နှာ ၁၇၂ မျက်နှာ၊ ၁၃ စင်တီ× ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၇)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ နိုဝင်ဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အလုပ်အင်တာဗျူး နည်းလမ်းကောင်းများ

## မောင်မောင်မြင့်သိန်း

(စက်မှုတက္ကသိုလ်)

ပထမအကြိမ် ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# [ ၁ ]

အလုပ်ရှာဖွေရာတွင် အင်တာဗျူးဖြင့် ရွေးချယ်ခြင်းဟာ ယနေ့ခေတ်မှာ အရေးပါလာတယ်။ စိတ်ကြိုက်အလုပ်ရရှိဖို့ ယနေ့ခေတ်လူငယ်များ ကြိုးစားရာမှာ လစာကောင်းကောင်းရရှိခြင်းကိုလည်း ရည်ရွယ်ကြတယ်။ အလုပ်မြဲမြံမှု (Job security)ကိုလည်း သတိမူလာကြတယ်။ ကုမ္ပဏီများအနေနဲ့ စွမ်းရည်ပြည့်ပြီး ထက်မြက်သောဝန်ထမ်းများ ရှာဖွေရာမှာ ကျိုးကြောင်းသင့်စဉ်းစားနိုင်တဲ့ ကျွမ်းကျင်မှုများ (Critical skills)ကို အင်တာဗျူးမေးရာမှာ ထည့်သွင်းစဉ်းစားလာကြတယ်။

အလုပ်ရှင်ဘက် အလုပ်ခန့်ရာတွင် အလုပ်လျှောက်သူရဲ့အပြုအမူ (behaviour)ကိုကြည့်တယ်။ ထိုသူရဲ့ကျွမ်းကျင်မှုများ(skills)၊ စွမ်းရည်များ (abilities)နဲ့ အသိပညာဗဟုသုတ (knowledge)ကို ချေငုသုံးသပ်ကြည့်ကြတယ်။ ပြီးတော့ အလုပ်လျှောက်သူရဲ့ ကြန်အင်လက္ခဏာများ (Trouts)ကိုလည်း စူးစမ်းကြည့်တယ်။ ပြိုင်ဆိုင်မှုများလာသော ယနေ့ခေတ်တွင် အလုပ်ရှင်ဘက်မှ ထိရောက်အကျိုးရှိသော အင်တာဗျူးနည်းလမ်းများဖြင့် စစ်ဆေးရွေးချယ်လာကြတယ်။ အချို့ကုမ္ပဏီများတွင် အဆင့်မြင့် ရာထူးများအတွက် Psycho Test များဖြင့် စစ်ဆေးပြီးမှ ရွေးချယ်လာကြတယ်။

mgyoe.com

mgyoe.com


စာရေးသူဟာ HR Consultant အဖြစ် ဆောင်ရွက်ရာတွင် အင်တာဗျူးများစွာကို မေးမြန်းဖြစ်ခဲ့ပါတယ်။ ယနေ့ခေတ် အလုပ်လျှောက်သူများဟာ အတိတ်ကာလထက် အင်တာဗျူးအတွက် ပြင်ဆင်လာကြတယ်။ ခက်ခဲတဲ့မေးခွန်းများကို ပြင်ဆင်ခဲ့တယ်။ ကြိုတင်ပြင်ဆင်ထားသူများက ပိုမိုဖြေဆိုနိုင်သည်ကို တွေ့ရှိရတယ်။

အလုပ်လျှောက်သူများဟာ အိုင်ကျူ (IQ Test)များကို ဖြေဆိုတတ်ဖို့ အရေးကြီးတယ်။ IQ ကို စမ်းသပ်ရာမှာ ယေဘုယျမေးခွန်း (General Question)နဲ့ အပြုအမူဆိုင်ရာမေးခွန်း (Behavioral Question) ကို အသုံးပြုကြတယ်။

ပထမဦးဆုံး General Questions များကို ကြိုတင်ပြင်ဆင်ထားဖို့ တင်ပြချင်ပါတယ်။

ယေဘုယျမေးခွန်းများ (General Questions)

(၁) အင်တာဗျူးမေးသူအနေဖြင့် အလုပ်လျှောက်သူရဲ့ နောက်ခံအခြေအနေနဲ့ အတွေ့အကြုံ (background and experience)ကို လေ့လာသည့်အနေဖြင့် အောက်ပါမေးခွန်းကို မေးလေ့ရှိတယ်။

e.g. Tell me about yourself.

(သင့်အကြောင်းကို ကျွန်တော့်ကိုပြောပြပါ။)

အလုပ်အင်တာဗျူးအတွက် ယင်းမေးခွန်းကို အားအကောင်းဆုံးမေးခွန်း (the strongest question)ဟု ဆိုရမှာဖြစ်တယ်။ အကြောင်းမူကား သင့်အနေနဲ့ အများဆုံးဖြေဆိုပြောပြနိုင်တဲ့မေးခွန်းဖြစ်နေပါတယ်။

ယင်းမေးခွန်းဟာ open-ended question ဖြစ်တာကို သတိပြုရမယ်။ ဖြေဆိုသူ အာရုံစိုက်သောအကြောင်းအရာကို ယင်းမေးခွန်းဖြင့် သိရှိနိုင်တယ်။ အလုပ်လျှောက်သူရဲ့အချက်အလက်များကို အဲဒီမေးခွန်းဖြင့် ရရှိနိုင်တယ်။ အင်တာဗျူးမေးသူအတွက် အဲဒီမေးခွန်းဖြင့် အလုပ်လျှောက်သူထံမှ ကောင်းမွန်သောအရင်းအမြစ် (good source)ရရှိနိုင်တယ်။ အဲဒီမေးခွန်းဖြင့် အလုပ်လျှောက်သူများ ပြင်ဆင်ခဲ့လား။ (သို့မဟုတ်) မပြင်ဆင်ခဲ့ဘူးလားဆိုသည်ကို သိရှိစုံစမ်းနိုင်တယ်။

mgyoe.com

mgyoe.com

အလုပ်လျှောက်သူအနေဖြင့် မြန်မာ/ အင်္ဂလိပ် နှစ်ဘာသာဖြင့် ကြိုတင်ပြင်ဆင်ထားခြင်းဖြင့် ပြည်တွင်းကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီနှင့် NGO များတွင် ဖြေဆိုနိုင်မှာဖြစ်တယ်။

အလုပ်လျှောက်သူအနေဖြင့် Brief အနေဖြင့် မိမိရဲ့အမည်၊ မိဘအမည်၊ အသက်၊ အိမ်ထောင်ရှိ မရှိ၊ နေရပ်၊ ပညာအရည်အချင်း၊ မိသားစုအခြေအနေ၊ ဝါသနာ စသည်တို့ကို ဖြေဆိုနိုင်တယ်။

(၂) အင်တာဗျူးရဲ့ နောက်ဆုံးအဆင့်တွင် နှစ်ဦး (သို့) သုံးဦးမှ အသင့်တော်ဆုံးပုဂ္ဂိုလ် (the most suitable person)ကို ရွေးချယ်ရာမှာ Interviewer (အင်တာဗျူးသူ)မှ အောက်ပါမေးခွန်းများကို မေးလေ့ရှိပါတယ်။

(1) What makes you unique?
ဘယ်အချက်က သင့်ကို ပြိုင်ဘက်ကင်းစေသလဲ။

(2) What qualities do you have that the others don't have?
တခြားသူတွေမှာမရှိတဲ့ ဘယ်လိုအရည်အသွေးတွေ မင်းမှာရှိသလဲ။

(3) What can you bring to this position that the other candidates cannot?
တခြားအလုပ်လျှောက်သူတွေ မရနိုင်တဲ့ ဒီရာထူးကို မင်း ဘယ်လို ရနိုင်သလဲ။

အထက်မေးခွန်းများ ဖြေခြင်းဖြင့် အလုပ်ရှင်ဘက်မှ တန်ဖိုးရှိသောသတင်းအချက်အလက် ရရှိနိုင်ပါတယ်။ ပြိုင်ဘက်များ tie ဖြစ်နေသောအခါ ကွဲပြားခြားနားသောအရည်အသွေးကို ဖော်ထုတ်နိုင်တယ်။ အမှန်အားဖြင့် ဖြေဆိုသူဘက်မှ မိမိရဲ့အားသာချက်များ (Strengths)ဖြေဆိုရန်လိုအပ်ပါတယ်။

Interviewer မှ အလုပ်လျှောက်သူအနေဖြင့် ကျန်ရာထူးနဲ့ အကျွမ်းတဝင်ရှိမှု၊ မရှိမှုကို သုံးသပ်နိုင်တယ်။

mgyoe.com

mgyoe.com

(၃) အလုပ်လျှောက်ထားသူထံမှ လျှောက်ထားသောရာထူးနဲ့ ပတ်သက်၍ အရည်အသွေးရှိ မရှိ လေ့လာသုံးသပ်ချင်သောအခါ Interviewer မှ အောက်ပါမေးခွန်းများကို မေးလေ့ရှိတယ်။

(1) What do you see as the most important qualities needed to do this job?
ဒီအလုပ်ကို ပြုလုပ်ဖို့ လိုအပ်တဲ့ အရေးကြီးဆုံးအရည်အသွေးတွေအနေနဲ့ သင် ဘယ်လိုသိမြင်ထားသလဲ။

(2) What added value would you bring to this job?
ဒီအလုပ်မှ မင်းအနေနဲ့ ထပ်ဆင့်တိုးတန်ဖိုး ဘာကိုထည့်ချင်သလဲ။

(3) Could you tell me what areas of the job would be a good fit for you?
အလုပ်ရဲ့ဘယ်လိုနေရာ (ဧရိယာ)တွေက သင့်အတွက် အကောင်းဆုံး သင့်တော်တယ်ဆိုတာ သင် ပြောပြနိုင်ပါသလား။

အထက်ပါမေးခွန်းတွေဖြေဆိုဖို့ အလုပ်လျှောက်ထားသူဟာ အောက်ပါအဖြေတွေကို စဉ်းစားထားသင့်တယ်။

I think the most important quality needed to do this job would be creative problem solving.

ဒီအလုပ်အတွက် အရေးအကြီးဆုံးအရည်အသွေးက ဖန်တီးတတ်တဲ့ ပြဿနာဖြေရှင်းနည်းဖြစ်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

Candidate အနေနဲ့ မိမိရဲ့အားသာချက်များ (Strengths)ကို ဖြေဆိုမှသာ ယှဉ်ပြိုင်ဘက်ထက် သာလွန်ပြီး ရွေးချယ်ခံရမှာဖြစ်တယ်။ ဖြေဆိုသူဟာ ယင်းအလုပ်နဲ့ အကျွမ်းတဝင်ရှိခဲ့သည်ကို ပြသရမှာဖြစ်ပြီး မိမိ၏အားသာချက်များမှ ယင်းအလုပ်နှင့် လိုက်ဖက်သောအရည်အသွေးကို ပြောပြရမှာဖြစ်တယ်။

(၄) အလုပ်ရှင်ဘက်မှ Interviewer သည် အလုပ်လျှောက်ထားသူရဲ့

mgyoe.com

ကိုယ်ရည်ကိုယ်သွေး (personality)ဟာ အလုပ်နဲ့သင့်တော်မှု ရှိမရှိကို မေးလေ့ရှိတယ်။

(1) How would describe your relationship with your co-wokers at your current job?

သင့်ရဲ့လက်ရှိအလုပ်မှာ သင့်တွဲဖက်လုပ်သားတွေနဲ့ သင့်ဆက်ဆံရေးကို ဘယ်လိုဖော်ပြချင်သလဲ။

ယင်းမေးခွန်းကို အချို့က ဤသို့ဖြေဆိုကြတယ်။

I get along with everyone.

ကျွန်တော် လူတိုင်းနဲ့ အဆင်ပြေပါတယ်။

ယင်းသို့ဖြေဆိုလျှင် အင်တာဗျူးသူမှ ယုံကြည်ရန်ခက်ခဲလှပါတယ်။ ယင်းသို့ဖြေလျှင် Interviewer မှ အပြုအမူဆိုင်ရာ မေးခွန်း (behavioral question)ဖြင့် ဆက်လက်မေးနိုင်သည်ကို သတိထားပါ။

Tell me about a time when you had a conflict with a co-worker?

သင့်တွဲဖက်လုပ်ကိုင်သူနဲ့ ပဋိပက္ခဖြစ်ခဲ့တဲ့အချိန်ကို ပြောပြပါလား။

(2) Describe three personality traits that will make me want to hire you.

မင်းကိုခန့်ဖို့ ငါ့ကိုပြောပြမယ့် ကိုယ်ရည်ကိုယ်သွေး ကြန်အင်လက္ခဏာသုံးခုကို ဖော်ပြပါ။

သင့်အနေနဲ့ စကားလုံးသုံးလုံးနဲ့ သင့်ရဲ့ကိုယ်ရည်ကိုယ်သွေးကို ဖြေဆိုသင့်ပါတယ်။

(3) What kinds of people do you like working with?

ဘယ်လိုလူအမျိုးအစားတွေနဲ့ သင် အလုပ်လုပ်ချင်သလဲ။

သင့်အနေနဲ့ smart people လို့ ဖြေလိုက်ရင်လည်း အဆင်ပြေနိုင်ပါတယ်။

(၅) အလုပ်လျှောက်ထားသူရဲ့ စိတ်ဓာတ်မြှင့်တင်ခြင်း (motivation)

mgyoe.com

mgyoe.com


ကို စူးစမ်းမေးမြန်းချင်သောအခါ အောက်ပါမေးခွန်းများဖြင့် မေးလေ့ရှိပါတယ်။

(1) When were you most satified in your job?

သင့်အလုပ်မှာ ဘယ်အချိန်က အကျေနပ်ဆုံးဖြစ်ခဲ့တာလဲ။

ဖြေဆိုသူများက သူတို့အကျေနပ်ဆုံးအချိန်ကို ပြောပြသောအခါ သူတို့ motivation မဖြစ်သောအချိန်ကို သိနိုင်တယ်။ motivation ပိုရှိသောဝန်ထမ်းများသည် အခြားဝန်ထမ်းများထက် ကုမ္ပဏီ၊ အဖွဲ့အစည်းတွင် ပိုမိုကြာကြာလုပ်လေ့ရှိတယ်။ ဝန်ထမ်းများ အလုပ်ကို နှစ်မြို့ခြင်းမရှိသောအခါ သူတို့၏စွမ်းဆောင်ရည်သည် သူတို့၏ motivation ကို များသောအားဖြင့် ရိုက်ခတ်တတ်ပါတယ်။

(2) What was your most rewarding experience on your job?

မင်းအလုပ်မှာ မင်းရဲ့လုပ်ရကျိုးနပ်ပြီး အကျိုးရှိတဲ့အတွေ့အကြုံက ဘာလဲ။

ဖြေဆိုသူများအနေဖြင့် သူ့ကို အနှစ်ခြိုက်ဆုံး အလုပ်အတွေ့အကြုံကို ဖြေဆိုရမှာဖြစ်တယ်။ ယင်းအဖြေမှာ အပြုသဘောဆန်တယ်။ ထိုသူများမှာ ပိုမိုပြီး motivated ရှိသော ဝန်ထမ်းများဖြစ်ကြတယ်။

ယင်းအတွေ့အကြုံမျိုးမရှိဟု ဖြေဆိုခဲ့လျှင် motivation မရှိဘူးလို့ သုံးသပ်နိုင်တယ်။

(3) If the work were not interesting, what would you think?

တကယ်လို့ အလုပ်က စိတ်ဝင်စားဖွယ်မဖြစ်ခဲ့ရင် မင်း ဘယ်လိုထင်သလဲ။

ဒီမေးခွန်းမေးခြင်းဖြင့် Interviewer အနေဖြင့် အလုပ်လျှောက်သူ၏ motivation နှင့်ပတ်သက်သော တန်ဖိုးရှိတဲ့ သတင်းအချက်အလက်များ ရရှိနိုင်မှာဖြစ်တယ်။

အလုပ်လျှောက်သူများကလည်း Real အခြေအနေကို ပြောပြတတ်ရန် လိုပါတယ်။

❖

mgyoe.com

mgyoe.com

# [၂]

အလုပ်အင်တာဗျူး (Job Interview)တွေမှာ အင်တာဗျူးမေးမြန်းသူ (Interviewer)က စွမ်းဆောင်ရည် (Performance)ကို သက်ရောက်မှုရှိနိုင်ပြီး အလားအလာရှိသော ပြဿနာများ (Potential Problems) ကို သိရှိလိုတဲ့အခါ အောက်ပါမေးခွန်းတွေကို မေးတတ်ပါတယ်။

(1) Is there any reason that you will not be able to perform the duties of the job with reasonable accommodation?

သင့်တင့်တဲ့နေရာထိုင်ခင်းရှိတဲ့ အလုပ်ရဲ့တာဝန်တွေ ထမ်းဆောင်ဖို့ သင် မတတ်နိုင်တဲ့အကြောင်းရင်း တစ်စုံတစ်ရာရှိပါသလား။

Reasonable accommodation ရှိလျက်နဲ့ အလုပ်တာဝန်မထမ်းဆောင်တဲ့အချက်ကို အဓိကထားပြီး ဖြေဆိုသင့်ပါတယ်။ လုပ်ငန်းခွင်ဆက်ဆံရေးအနေအထား၊ အထက်အောက်အာဏာချုပ်ကိုင်မှု အနေအထားတွေနဲ့ ဖြေဆိုသင့်ပါတယ်။

(2) Did you get any negative feedback from your last job?

သင့်အနေနဲ့ သင့်ရဲ့ ပြီးခဲ့တဲ့အလုပ်မှ အနုတ်လက္ခဏာဆောင်တဲ့

mgyoe.com

mgyoe.com


တို့ပြန်မှုတစ်စုံတစ်ရာ ရရှိခဲ့ပါသလား။

ဒီမေးခွန်းနဲ့ပတ်သက်လို့ သင့်အနေနဲ့ ဖြေသင့်တာကတော့ ပြီးခဲ့တဲ့အလုပ်မှာ သင့်ရဲ့ Performance စွမ်းရည်နဲ့ပတ်သက်ပြီး Performance Appraisal အပေါ် သင့်ထင်မြင်ချက်နဲ့ယှဉ်ပြီး ဖြေဆိုရမှာဖြစ်ပါတယ်။

Yes (or) No ပုံစံတစ်ခုခုနဲ့ ဖြေဆိုရမှာဖြစ်ပါတယ်။ သင့် Performance ရဲ့ ဧရိယာအချို့မှာ တိုးတက်ဖို့ သင်လိုအပ်တဲ့အချက်နဲ့ ဖြေဆိုရမှာဖြစ်ပါတယ်။

အလုပ်အင်တာဗျူးတွေမှာ အခြားသူတွေနဲ့ အလုပ်လျှောက်ထားသူ ဘယ်လိုအဆင်ပြေသလဲဆိုတာလည်း ယေဘုယျမေးခွန်းအဖြစ် မေးလေ့ရှိပါတယ်။

## How a candidate gets along with others

မေးနိုင်တဲ့မေးခွန်းတွေကတော့ ...

(1) Would you describe a time when you had a conflict with someone at work?

အလုပ်ထဲမှာ တစ်ဦးတစ်ယောက်နဲ့ သင် ပဋိပက္ခဖြစ်ခဲ့တဲ့အချိန်တစ်ချိန်ကို သင် ဖော်ပြနိုင်မလား။

ဒီမေးခွန်းက သင့်အပြုအမူ (behavior)ကို ဖော်ပြဖို့မေးတာဖြစ်တယ်။ ကွဲပြားခြားနားတဲ့ ထင်မြင်ချက်တွေ (difference of opinion) နဲ့ အဲဒါတွေကို အောင်မြင်စွာ ဘယ်လိုဖြေရှင်းနိုင်သလဲဆိုတာ ဖြေဆိုသင့်ပါတယ်။ ပဋိပက္ခဖြစ်ခဲ့တဲ့ခါ ဘာလုပ်ခဲ့သလဲဆိုတာကို ဖြေဆိုရမှာဖြစ်ပါတယ်။

(2) How would your coworkers describe you?

သင်နဲ့ တွဲဖက်လုပ်သူတွေက သင့်အပေါ် ဘယ်လိုထင်မြင်သလဲ၊ ဘယ်လိုပြောကြသလဲ။

ဒီမေးခွန်းက အခြားသူတွေရဲ့ သင့်အပေါ်အမြင်ကို မေးတာဖြစ်ပါ

mgyoe.com

တယ်။ တိကျတဲ့အချက်အလက်ကို မေးတာမဟုတ်ဘူး။ သင်ဟာ လူတိုင်းနဲ့ အဆင်ပြေတယ်ဆိုရင် gets along with everyone လို့ ဖြေရလိမ့်မယ်။

(3) Have you ever had a disagreement with a boss or coworker?

သင့်အနေနဲ့ ဘော့စ် (သို့) တွဲဖက်အလုပ်လုပ်သူနဲ့ မကျေနပ်မှု အမြဲတ ်း ဖြစ်သလား။

အမြဲဟမ်းမကျေနပ်တာတော့ မဖြစ်နိုင်ဘူး။ တစ်ခါတစ်ရံတော့ ဖြစ်နိုင်တယ်လို့ ဖြေဆိုသင့်တယ်။ ဒီအတွက် အကြောင်းပြချက် (reason) (သို့) အခြေအနေ (situation)ကို ဥပမာပြ ဖြေဆိုရင် ပိုကောင်းနိုင်တယ်။

## Understanding how condidates cope with future

အလုပ်လျှောက်သူတွေဟာ မအောင်မြင်မှုကို ဘယ်လိုရင်ဆိုင်ဖြေရှင်းသလဲဆိုတာ အောက်ပါမေးခွန်းတွေနဲ့ မေးတတ်ပါတယ်။

(1) What has been your biggest career setback?

သင့်ရဲ့အကြီးမားဆုံး အသက်မွေးဝမ်းကျောင်းမှု အနှောင့်အယှက်က ဘာလဲ။

ဒီမေးခွန်းနဲ့ ပတ်သက်လို့ အဖြေအမျိုးမျိုးရှိနိုင်ပါတယ်။ အကောင်းဆုံးဖြေသင့်တာကတော့ ပြဿနာကို ကျော်လွှားနိုင်တဲ့လုပ်ငန်းစဉ်ကို ပြောပြနိုင်ရမယ်။ ပြဿနာဖြေရှင်းပြီးနောက် ဘယ်လိုစိတ်ပိုင်းဖြတ်ချက်တွေ ရှိသလဲ။ ဒီအခြေအနေမှာ ဘာကိုလေ့လာသိရှိခဲ့သလဲဆိုတာ ဖြေဆိုသင့်ပါတယ်။

(2) If you could go back in your career, what would you change?

သင့်အသက်မွေးဝမ်းကျောင်းဘဝကို သင်ပြန်သွားနိုင်ရင် သင် ဘာပြောင်းလဲနိုင်မလဲ။

ဖြေဆိုသူအနေဖြင့် ပုံပြောပြရတော့မှာဖြစ်ပါတယ်။ သင် မည်မျှလေ့လာခဲ့တာကို ပြန်ပြောပြရပါမယ်။ သင်သိရှိလေ့လာခဲ့တာကို ဘယ်လိုအသုံးချမလဲဆိုတာ ရှင်းပြဖို့လိုပါတယ်။

mgyoe.com

(3) Have you ever missed a deadline?

နောက်ဆုံးသတ်မှတ်ချိန်ကို သင် အမြဲလွှဲချော်ခဲ့သလား။

ဒီမေးခွန်းက အလွန်ကျယ်ပြန့်ပါတယ်။ Yes (or) No နဲ့ ဖြေဆိုနိုင်ပါတယ်။ ချဲ့ထွင်ရှင်းပြ ဖြေဆိုသင့်ပါတယ်။ လွဲချော်သွားတဲ့ နောက်ဆုံးသတ်မှတ်ချိန်နဲ့ပတ်သက်ထူးခြားတဲ့ အဖြစ်အပျက် (Particular event) ကို ပြောပြနိုင်ရင် ကောင်းပါတယ်။

Interviewer က သင် မကြာခဏလွဲချော်သလားဆိုတာ စူးစမ်းနေတာမို့ သင့်အနေနဲ့ ပါးပါးနပ်နပ် ဖြေဆိုတတ်ဖို့အရေးကြီးပါတယ်။

ဒီမေးခွန်းကိုပဲ ယခုလိုမေးနိုင်ပါသေးတယ်။

Could you tell me about an incident that involved missing a deadline?

နောက်ဆုံးအချိန် လွဲချော်မှုနဲ့ ပတ်သက်ခဲ့တဲ့ဖြစ်ရပ်တစ်ခုကို သင်ပြောပြနိုင်ပါသလား။

ဖြေဆိုသူက တိကျတဲ့ဥပမာတစ်ခုနဲ့ သေချာရှင်းပြနိုင်ရင် လှပတဲ့အဖြေတစ်ခု ဖြစ်သွားနိုင်ပါတယ်။

## Determining someone's ability to learn from mistakes

အမှားများမှ လေ့လာဖို့ တစ်ဦးတစ်ယောက်ရဲ့ စွမ်းရည်ကို ဆုံးဖြတ်တဲ့အခါ အောက်ပါမေးခွန်းတွေကို Interviewer တွေက မေးတတ်ပါတယ်။

(1) What is the most important lesson you learned in your work by making a mistake?

အမှားပြုလုပ်ခြင်းဖြင့် သင့်အလုပ်မှာ သင်လေ့လာခဲ့တဲ့ အရေးအကြီးဆုံးသင်ခန်းစာက ဘာလဲ။

Applicants တွေအနေနဲ့ အောင်မြင်ဖို့ကြိုးစားရာမှာ အင်တာဗျူးမှာ မအောင်မြင်တာကို ဆွေးနွေးဖို့ ခက်ခဲလှပါတယ်။

မေးခွန်းတွေရဲ့သဘောက အပြုသဘော (positive)ကို မေးမြန်းခြင်း

mgyoe.com

mgyoe.com


ဆိုတာ သတိပြုစေချင်ပါတယ်။ အဲဒါကြောင့် ဖြေဆိုသူဟာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိရပါမယ်။ အမှားထဲက ရရှိတဲ့သင်ခန်းစာကို ပွင့်ပွင့်လင်းလင်းနဲ့ အပြုသဘောဆန်ဆန် ဖြေဆိုသင့်ပါတယ်။ ဖြေဆိုသူရဲ့အတွေ့အကြုံမှ ထူးခြားတဲ့ သင်ခန်းစာကို ပြောပြရင် ပိုကောင်းပါလိမ့်မယ်။

(2) We all make mistakes. What was one of your most recent mistakes on the job?

ကျွန်တော်တို့အားလုံး အမှားတွေပြုလုပ်ကြတယ်။ အလုပ်မှာ သင့်ရဲ့ အမှားတွေထဲက တစ်ခုက ဘာလဲ။

ဒီမေးခွန်းအစချီထားတဲ့ we all make mistakes က ဖြေဆိုသူကို အခြေအနေနားလည်စေချင်တယ်။ အမှားတွေနဲ့ပတ်သက်လို့ Interviewer က အကဲမဖြတ်ဘူးဆိုတာကို ယုံကြည်လို့ ဖြေဆိုသူက လျင်လျင်မြန်မြန် တုံ့ပြန်နိုင်တယ်။

ဖြေဆိုသူအနေနဲ့ Interviewer ကြိုက်ကြိုက် မကြိုက်ကြိုက် အမှားထဲက သင် ဘယ်လိုသင်ခန်းစာရခဲ့သလဲဆိုတာ ပြောပြတတ်ဖို့ အရေးကြီးပါတယ်။

(3) What would you do if you made a mistake and someone else was going to be blamed?

သင် အမှားပြုလုပ်ပြီး တစ်ဦးတစ်ယောက်က အပြစ်တင်ခဲ့ရင် သင် ဘာပြုလုပ်မလဲ။

ဒီမေးခွန်းက တိကျတဲ့ဥပမာ (specific example)ကို မေးတာ မဟုတ်ဘူး။ ဖြေဆိုသူက ဇာတ်လမ်းဖွဲ့ပြောပြနိုင်ရင် ကောင်းပါတယ်။ ဖြေဆိုသူရဲ့အလုပ်သမိုင်းနဲ့ သက်သေပြသင့်ပါတယ်။ ဖြေဆိုသူရဲ့ ဂုဏ်သိက္ခာနဲ့ သစ္စာရှိမှုကို ပြသနိုင်ရင် ကောင်းပါတယ်။ အမှားကနေ အိုင်ဒီယာထုတ်ပြနိုင်တဲ့အဖြေ ဖြစ်သင့်ပါတယ်။

Interviewer ရဲ့မေးခွန်းများကို နားလည်အောင် လေ့လာပြီး ကြိုတင်ပြင်ဆင်ခြင်းဖြင့် အလုပ်ရှာသူတိုင်း အလုပ်ရရှိအောင်မြင်ကြပါစေ။

❖

mgyoe.com

mgyoe.com

# [၃]

အပြုအမူဆိုင်ရာမေးခွန်းတွေဟာ လျှောက်ထားသူထံမှ တိကျတဲ့ ဥပမာတွေကို မေးလေ့ရှိပါတယ်။ အဲဒီဥပမာတွေက သူ (သို့မဟုတ်) သူမရဲ့ အလုပ်ပိုင်းဆိုင်ရာ အတိတ်ကအပြုအမူကို ရည်ညွှန်းလေ့ရှိပါတယ်။ အတိတ် အပြုအမူ (Past Behavior) ကို အသုံးပြုခြင်းဟာ အနာဂတ်စွမ်းဆောင် ရည် (သို့မဟုတ်) ပုဂ္ဂိုလ်တစ်ဦးရဲ့ အောင်မြင်မှုကို တိတိကျကျ ဆုံးဖြတ်ဖို့ အတွက် သက်သေပြတဲ့နည်းလမ်းတစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် အလုပ်လျှောက်ထားသူဟာ ယခင်က အဲဒီလိုလုပ်ခဲ့ရင် ထပ်မံပြီး အဲဒါကို လုပ်နိုင်ပါတယ်။ ဒီအချက်က အပြုသဘောဆောင်တဲ့ (သို့) အနုတ်လက္ခဏာဆောင်တဲ့ အပြုအမူ နှစ်ခုစလုံးကို အသုံးချပါတယ်။ တကယ်လို့ အလုပ်လျှောက်သူတွေဟာ သူတို့ရဲ့နောက်ဆုံးအလုပ်မှာ ထိပ်တန်းစွမ်းဆောင်နိုင်သူတွေဖြစ်ခဲ့ရင် သူတို့မှာ အခုအလုပ်လျှောက်တဲ့ကုမ္ပဏီမှာလည်း ထိပ်တန်းစွမ်းဆောင်ရည်ရှိသူတွေ ဖြစ်နိုင်ပါတယ်။

### အပြုအမူဆိုင်ရာမေးခွန်းနှင့် ယေဘုယျမေးခွန်းအကြား ကွာခြားချက်

အပြုအမူဆိုင်ရာမေးခွန်းနဲ့ ယေဘုယျမေးခွန်းအကြား ကွာခြားချက်ကတော့ အပြုအမူဆိုင်ရာမေးခွန်းက တိကျတဲ့ဥပမာတစ်ခုကို မေးခြင်းပဲဖြစ်

mgyoe.com

ပါတယ်။

အပြုအမူဆိုင်ရာမေးခွန်းတွေဟာ များသောအားဖြင့် မေတ္တာရပ်ခံချက်နဲ့ အစလိုစတင်လေ့ရှိပါတယ်။

Tell me about a time when ...

ဖြစ်ခဲ့တုန်းက အချိန်တစ်ချိန်အကြောင်း ကျွန်တော့်ကို ပြောပြပါလား။

Describe a situation in which ...

ဖြစ်ခဲ့တဲ့ အခြေအနေကို ဖော်ပြပါ။

အဲဒါကြောင့် အပြုအမူဆိုင်ရာမေးခွန်းတွေမှာ အောင်မြင်တဲ့ဇာတ်လမ်းတစ်ပုဒ်ကို အလုပ်လျှောက်သူတွေကို ပြောပြခိုင်းလေ့ရှိပါတယ်။

e.g., Tell me a about **a time** when you solved a problem.

ပြဿနာတစ်ခုကို သင်ဖြေရှင်းခဲ့တဲ့ အချိန်တစ်ချိန်အကြောင်း ပြောပြပါ။

သည်နေရာမှာ အပြုအမူဆိုင်ရာမေးခွန်းရဲ့ အဓိကစကားလုံးက a time ဖြစ်ပါတယ်။

အလုပ်လျှောက်ထားသူတွေ အင်တာဗျူးဖြေတဲ့အခါ တိကျတဲ့ဖြစ်ရပ်တစ်ခုရဲ့ တိကျတဲ့ဥပမာတစ်ခုကို ပြောပြနိုင်ရမှာဖြစ်ပါတယ်။

ဖြေဆိုသူအနေနဲ့ အသေးစိတ်ကျလှတဲ့ ဖြစ်ရပ်ရဲ့ ဥပမာတစ်ခုကို ပြောပြရာမှာ အတိတ်ကအပြုအမူကို သက်သေပြဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုသူဟာ သူ အမှန်တကယ်လုပ်ခဲ့တဲ့ဖြစ်ရပ်ကို ဖြေရမှာဖြစ်ပါတယ်။

ဒါကြောင့် အပြုအမူဆိုင်ရာမေးခွန်းကို ဖြေဆိုတဲ့အခါ "Prove it by giving me an example" "ဥပမာတစ်ခု ကျွန်တော့်ကိုပေးခြင်းဖြင့် သက်သေပြပါ"ဆိုတဲ့ အမေးကို ဖြေဆိုရမှာဖြစ်ပါတယ်။

အပြုအမူဆိုင်ရာမေးခွန်းကို ဖြေဆိုသည့်အခါ ပြောကိုသင့်သောအချက်များ

(၁) ပြဿနာ (သို့) အခြေအနေက ဘာလဲဆိုတာ ပြောပြပါ။

(၂) အခြေအနေ (သို့) ပြဿနာကို ဖြေရှင်းဖို့ သင်ပြုလုပ်တဲ့ဆောင်ရွက်မှုက ဘာလဲဆိုတာ ရှင်းပြပါ။

mgyoe.com

mgyoe.com

(၃) ရလဒ် ဘာလဲဆိုတာ ပြောပြပါ။

Behavioral မေးခွန်းမှာ အောက်ပါအမေးပုံစံတွေကို တွေ့ရလေ့ရှိပါတယ်။

e.g (1) Can you give me an example of a time when...?
သင် ... လုပ်ခဲ့တဲ့အချိန်တစ်ချိန်ရဲ့ ဥပမာတစ်ခုကို သင်ပေးနိုင်ပါသလား။

(2) I want to hear what the problem or situation was and what you did about it.
ပြဿနာ (သို့) အခြေအနေက ဘာလဲဆိုတာ ကျွန်တော်ကြားချင်ပါတယ်။ ပြီးတော့ အဲဒါနဲ့ပတ်သက်လို့ သင် ဘာလုပ်ခဲ့သလဲ။

(3) What was the result?
ရလဒ်က ဘာလဲ။

**Behavioral-Based Question**

**အပြုအမူဆိုင်ရာမေးခွန်း**

(1) Tell me about a time when you solved a problem by thinking creatively.
ဖန်တီးတတ်စွာ စဉ်းစားခြင်းဖြင့် သင့်ပြဿနာတစ်ခုကို ဖြေရှင်းခဲ့တဲ့ အချိန်တစ်ချိန်ကို ကျွန်တော့်ကိုပြောပြပါ။
အဲဒီမေးခွန်းရဲ့အဖြေက ဒီလို ...။

When I started at my last company, there was lack of customer retention. I worked with my staff and members of other relevant departments. The first thing I did was to form teams that went out and interviewed customers. I reviewed the data collected and compiled a spread sheet that I presented to the marketing department. I worked closely with the marketing team to de-

mgyoe.com

mgyoe.com

velop a plan of action. We ended up with a successful strategy to ask customers first, sending information only upon request. The key to the success of this program was getting buy-in from my team and giving my 100 percent support to the campaign from the very beginning.

ကျွန်တော် ပြီးခဲ့တဲ့ ကုမ္ပဏီမှာ အလုပ်စလုပ်ခဲ့တဲ့အခါ ဖောက်သည် ထိန်းထားနိုင်မှု အားနည်းနေခဲ့တယ်။ ကျွန်တော်ဟာ ကျွန်တော့်ဝန်ထမ်းတွေ နဲ့ တခြားဌာနတွေရဲ့ အဖွဲ့သားတွေနဲ့ အလုပ်လုပ်ခဲ့ပါတယ်။ ပထမဆုံး ကျွန်တော်လုပ်ခဲ့တဲ့အရာကတော့ အပြင်ထွက်ပြီး ဖောက်သည်တွေကို အင် တာဗျူးတဲ့အဖွဲ့တွေ ဖွဲ့စည်းခြင်းပါပဲ။ ကျွန်တော်ဟာ စုဆောင်းရရှိတဲ့အချက် တွေကို သုံးသပ်ဆန်းစစ်ခဲ့ပြီး Spread Sheet တစ်ခုကို ပေါင်းစည်းပြီး မားကတ်တင်းဌာနသို့ တင်ပြခဲ့ပါတယ်။ ကျွန်တော်ဟာ ဆောင်ရွက်မှု စီမံ ချက် ဖွံ့ဖြိုးဖို့ မားကတ်တင်းအဖွဲ့နဲ့ နီးနီးကပ်ကပ် အလုပ်လုပ်ခဲ့ပါတယ်။ ဖောက်သည်တွေကို ပထမဆုံးမေးဖို့နဲ့ မေတ္တာရပ်ခံချက်အရ သတင်းအချက် အလက်ပေးပို့ခြင်းနဲ့ အောင်မြင်တဲ့ မဟာဗျူဟာတစ်ခုကို အဆုံးသတ်ခဲ့ပါ တယ်။ ဒီပရိုဂရမ်ရဲ့အောင်မြင်မှု သော့ချက်ကတော့ ကျွန်တော့်အဖွဲ့မှ ဝယ်ယူ မှု အမှာလွှာတွေ ရရှိခဲ့ပြီး အစပိုင်းမှာ လှုပ်ရှားမှုအတွက် ကျွန်တော့်ရဲ့ ၁၀၀ ရာခိုင်နှုန်းအထောက်အကူပေးခြင်းပဲ ဖြစ်ပါတယ်။

အထက်ပါအဖြေကို လေ့လာကြည့်ရင် အပြည့်စုံဆုံးအဖြေလို့ ဆိုနိုင် ပါတယ်။ ဘာကြောင့်လဲဆိုတော့ သီးခြားပရောဂျက်တစ်ခုကို တိတိကျကျ ပြောပြလို့ပါပဲ။ ဆောင်ရွက်မှုအဆင့်တွေကို ဖြကြားပါတယ်။ ဒီအဖြေမှာ ခေါင်းဆောင်မှုရဲ့ အခန်းကဏ္ဍကို သရုပ်ပြသွားပါတယ်။ ကြီးမားတဲ့ရုပ်ပုံ လွှာ ရှုထောင့်ကို ထိန်းသိမ်းနေစဉ်မှာ ပိုမိုသေးငယ်တဲ့ အသေးစိတ်တွေနဲ့ အလုပ်လုပ်ဖို့ စွမ်းရည်ကိုလည်း ပြောပြသွားပါတယ်။ ဒီဥပမာဟာ မေးခွန်း နဲ့ လိုက်ဖက်တဲ့ဥပမာ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com

(2) Describe a time when you had to adapt to a new situation?

အခြေအနေသစ်တစ်ခုကို သင် လိုက်လျောညီထွေဖြစ်ခဲ့တဲ့အချိန်တစ်ချိန်ကို ဖော်ပြပါ။

I was assigned duty on one weekend. When the phone rang on Sunday morning, I knew there was a problem. Sure enough, there was a mainframe that went down. The first thing I did was to cancel my plans for the day. I responded to the call within one hour. I teamed up with three technicians to get the system up and running before Monday morning. We each had a responsibility but worked as a unit. We stayed until 2:00 a.m. When the employees arrived at work that morning, they weren't aware that there had been a problem. We got high kudos for responding so quickly.

စနေ၊ တနင်္ဂနွေ တစ်ရက်မှာ ကျွန်တော် ဂျူတီတာဝန်ချခြင်းခံခဲ့ရပါတယ်။ တနင်္ဂနွေမနက်မှာ ဖုန်းမြည်တဲ့အခါ ပြဿနာတစ်ခုပေါ်ပြီဆိုတာ ကျွန်တော်သိလိုက်ပါတယ်။ သေချာတာကတော့ မိန်းဖရိန်ပျက်စီးသွားခဲ့တာပါပဲ။ ကျွန်တော် ပထမဆုံးပြုလုပ်ခဲ့တဲ့အရာကတော့ အဲဒီနေ့အတွက် ကျွန်တော့်အစီအစဉ်တွေ ဖျက်လိုက်တာပါပဲ။ တစ်နာရီအတွင်းမှာ ဖုန်းခေါ်ဖို့ ကျွန်တော် တုံ့ပြန်ကြိုးစားခဲ့တယ်။ တနင်္လာမနက်မတိုင်ခင် ဒီစနစ် ပြန်လည် အလုပ်လုပ်ဖို့ ကျွမ်းကျင်လုပ်သားသုံးဦးနဲ့ ကျွန်တော် အဖွဲ့ဖွဲ့ခဲ့ပါတယ်။ ကျွန်တော်တို့တစ်ဦးစီမှာ ကျွန်တော် ကိုယ်စီရှိကြပေမယ့် ယူနစ်တစ်ခုအနေနဲ့ အလုပ်လုပ်ခဲ့ပါတယ်။ မနက် ၂ နာရီထိုးတဲ့တိုင်အောင် ကျွန်တော်တို့ နေခဲ့ပါတယ်။ အဲဒီမနက်မှာ အလုပ်ထဲကို ဝန်ထမ်းတွေရောက်ရှိလာခဲ့တဲ့အခါ ပြဿနာတစ်ခုဖြစ်ခဲ့တာကို သူတို့ သတိမထားမိကြဘူး။ အလွန်လျင်လျင်မြန်မြန်နဲ့ တုံ့ပြန်လုပ်ဆောင်ခဲ့ခြင်းအတွက် ကျွန်တော်တို့ မြင့်မားတဲ့ ဂုဏ်သိက္ခာတွေ ရရှိခဲ့ပါတယ်။

mgyoe.com

ဒီအဖြေကို လေ့လာကြည့်ရင် ...

ဒီအဖြေဟာ အားအကောင်းဆုံးအဖြေဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခြေအနေတစ်ခုကို လိုက်လျောညီထွေဖြစ်တဲ့ တိကျတဲ့ဥပမာနဲ့ ဖြေဆိုထားလို့ပါပဲ။ ဖြေဆိုသူဟာ သူ့ရဲ့အစီအစဉ်တွေကို ဖျက်လိုက်ပြီး တစ်နာရီအတွင်း ကြိုးပမ်းမှုကို ပြုလုပ်တာဟာ Flexible ဖြစ်တာကို ပြသနေပါတယ်။ ဖြေဆိုသူဟာ တခြားသူတွေနဲ့ ဘယ်လိုအဆင်ပြေပြေ အလုပ်လုပ်သလဲဆိုတာ ပြသပါတယ်။ မနက် ၂ နာရီထိနေဖို့ ဖြေဆိုသူရဲ့ စိတ်ပါဝင်စားမှု (Willingness)ဟာ ဖြေဆိုသူအနေနဲ့ အလုပ်ကို ပြီးမြောက်အောင် ဆောင်ရွက်ဖို့ အင်တာဗျူးမေးသူ လက်ခံယုံကြည်အောင် ပြသနေပါတယ်။

အလုပ်အင်တာဗျူးမေးခွန်းတွေ စနစ်တကျ လေ့လာပြင်ဆင်ရင်းနဲ့ အဖြေကောင်းကောင်းတွေ ပေးနိုင်ကြပါစေ။

❖

mgyoe.com

mgyoe.com

# [၄]

**အလုပ်လျှောက်ထားသူ၏ အတွေ့အကြုံတွင် လွဲချော်နေသော (သို့မဟုတ်) ဖုံးကွယ်ထားသော တစ်စုံတစ်ရာကို စူးစမ်းမေးမြန်းခြင်း**

အလုပ်လျှောက်ထားသူ အမျိုးမျိုးရှိရာ အချို့မှာ သတ်မှတ်ထားတဲ့ အရည်အချင်းထက် ပိုမိုနေပြီး overqualified ဖြစ်နေတာကို အင်တာဗျူးမေးမြန်းသူက စေ့ငုတတ်တယ်။ စူးစမ်းမေးမြန်းတတ်တယ်။

များသောအားဖြင့် အောက်ပါမေးခွန်းများကို မေးလေ့ရှိတယ်။

(1) You seem to be overqualified for this job. What attracted you to this position?

မင်းကိုကြည့်ရတာ ဒီအလုပ်အတွက် သတ်မှတ်အရည်အချင်းထက် ပိုနေတယ်ထင်ရတယ်။ ဒီရာထူးက မင်းကိုဘာတွေဆွဲဆောင်ခဲ့လို့လဲ။

အင်တာဗျူးခန်းထဲမှာ ဒီမေးခွန်းက ဖြေဆိုသူကို သတ်မှတ်အရည်အချင်းထက် ပိုနေနိုင်တဲ့ ဒီအလုပ်ကို လျှောက်ထားခြင်းအတွက် အကြောင်းပြချက်တွေပေးဖို့ မေးနေတယ်ဆိုတာ သတိပြုပါ။ အလုပ်လျှောက်သူရဲ့ ရှင်းပြချက်ကို နားထောင်ခြင်းဖြင့် အင်တာဗျူးမေးသူက ချင့်ချိန်အကဲဖြတ်နိုင်တယ်။

mgyoe.com

mgyoe.com

အင်တာဗျူးမေးသူ သိနိုင်သောအချက်များ

(၁) အင်တာဗျူးဖြေသူသည် သူ့ဘဝ အသက်မွေးဝမ်းကျောင်းပြောင်းလဲရန် အကျိုးအကြောင်းသင့် ရှင်းပြလိမ့်မယ်။

(၂) သိသာထင်ရှားတဲ့အချက်ကတော့ အလုပ်လျှောက်သူရဲ့အဖြေကို သေသေချာချာနားထောင်ရမယ်။ ယင်းနောက် တစ်စုံတစ်ရာ ဆုံးဖြတ်ပေးနိုင်တယ်။

(2) Tell me about the gaps in your resume can you explain them?

သင့်ကိုယ်ရေးရာဇဝင်မှာရှိတဲ့ ကွာဟချက်တွေကို ပြောပြပါလား။ အဲဒါတွေကို ရှင်းပြနိုင်မလား။

အလုပ်လျှောက်ထားသူထံမှ ဖုံးကွယ်ထားတဲ့ တစ်စုံတစ်ရာကို စူးစမ်းမေးမြန်းခြင်းဖြစ်တယ်။

လျှောက်ထားသူဟာ အင်တာဗျူးသူသိလိုတဲ့ သတင်းအချက်အလက်များကို ပြောပြတတ်ရမယ်။ လျှောက်ထားသူက ကွာဟချက်များအတွက် အကြောင်းပြချက်များ ရှင်းပြနိုင်ရမယ်။ ယင်းအချက်ပေါ်မူတည်ပြီး အင်တာဗျူးသမားက သင့်တော်တဲ့ရာထူးအတွက် ဖန်တီးကာအလုပ်ခန့်နိုင်တယ်။

အလုပ်လျှောက်ထားသူ၏ ဂုဏ်ယူဖွယ်ရာအကောင်းဆုံး
ပြီးမြောက်အောင်မြင်မှုကို ဆုံးဖြတ်ပိုင်းခြားကြည့်ခြင်း

အလုပ်လျှောက်ထားသူတွင် သူ့ရဲ့ဖြတ်သန်းမှုဘဝ အနေအထားအရ ဂုဏ်ယူဖွယ်ရာအချက်များရှိနေတတ်ပါတယ်။ သူတို့ရဲ့ပြီးမြောက်အောင်မြင်မှုများကို အကဲဖြတ်ချင်သောအခါ အောက်ပါမေးခွန်းများကို မေးလေ့ရှိတယ်။

အားအကောင်းဆုံးမေးခွန်းတစ်ခုမှာ ဒီလိုပါ။

(1) What is the work that you've been most proud of in all of your jobs?

သင့်အလုပ်အားလုံးမှာ သင် ဂုဏ်အယူဆုံးအလုပ်က ဘာလဲ။

mgyoe.com

mgyoe.com


သည့်မေးခွန်းက အကျေနပ်အနှစ်သက်ဆုံးကိုပေးသော ရရှိအောင်မြင်မှုကို အာရုံစိုက်သောကြောင့် ဖြစ်တယ်။

သည့်အတွက် အလုပ်လျှောက်သူဟာ စိတ်ဓာတ်မြင့်တင်စေတဲ့ ပရိုဂျက်တစ်ခုကို ဆွေးနွေးပြရမှာဖြစ်တယ်။ သင် ကျေနပ်အားရတဲ့ အောင်မြင်မှုကို ဖွင့်ဟပြောဆိုပြီး ဖြေဆိုတတ်ရန် အရေးကြီးပါတယ်။

(2) List three of your accomplishments that you would like me to know about.
မင်းအနေနဲ့ တို့ကိုသိစေချင်တဲ့ မင်းရဲ့ပြီးမြောက်အောင်မြင်မှုသုံးခုကို ပြောပြပါ။

အင်တာဗျူးမေးသူက အသေးစိတ်တွေ စူးစမ်းချင်လို့ ဒီမေးခွန်းကို မေးတာပါ။

ဒီမေးခွန်းကို ဖြေဆိုသူဟာ သူလုပ်ခဲ့တဲ့ တိကျတဲ့ပရိုဂျက်ကို ရှင်းပြရုံမျှမက အဲဒီပရိုဂျက်မှာ သူ့ရဲ့အခန်းကဏ္ဍကိုပါ ရှင်းပြဖြေဆိုသင့်ပါတယ်။

သည့်အခါ မေးမြန်းသူက အောက်ပါမေးခွန်းတွေ ဆက်လက်မေးတတ်ပါတယ်။

(1) Would you tell me about specific actions you took?
သင်ပါဝင်ခဲ့တဲ့ တိကျတဲ့ဆောင်ရွက်မှုတွေနဲ့ ပတ်သက်လို့ ပြောပြနိုင်ပါသလား။

(2) What exactly was your role?
မင်းရဲ့အခန်းကဏ္ဍက အတိအကျ ဘာရှိပါသလဲ။

(3) Did you achieve your goal?
မင်းရဲ့ရည်မှန်းချက်ကို ရရှိအောင်မြင်ခဲ့ပါသလား။

**Talking about the candidate's strengths**

အလုပ်လျှောက်သူရဲ့ အားသာချက်များ ဆွေးနွေးပြောဆိုခြင်း

အလုပ်လျှောက်သူတစ်ဦးမှာ အားသာချက် (strength)နဲ့ အားနည်း

mgyoe.com

ချက် (weakness)ဆိုတာ ရှိပါတယ်။

အင်တာဗျူးသူဟာ အလုပ်လျှောက်သူရဲ့ အားသာချက်တွေ (strengths)တွေကိုလည်း ယေဘုယျအားဖြင့် မေးမြန်းလေ့ရှိပါတယ်။ ဒါဟာလည်း IQ Test တစ်ခုပါပဲ။

မေးလေ့မေးထရှိတဲ့ မေးခွန်းတွေကတော့ ...

(1) If I asked your coworkers to describe your strengths, what would they tell me and why?

တကယ်လို့ မင်းရဲ့လုပ်ဖော်ကိုင်ဖက်တွေက မင်းရဲ့အားသာချက်တွေကို ဖော်ပြဖို့မေးခဲ့ရင် သူတို့က တို့ကိုဘာပြောပြလိမ့်မလဲ၊ ဘာကြောင့်လဲ။

သည်မေးခွန်းရဲ့ ထူးခြားချက်က အလုပ်လျှောက်ထားသူထံမှ ကိုယ့်ကိုယ်ကိုယ် ပြန်လည်ဆန်းစစ်ခြင်း လိုအပ်လို့ဖြစ်ပါတယ်။ သည်မေးခွန်းက Twist သဘောဆန်နေတယ်။ ဘာကြောင့်လဲဆိုတော့ တခြားသူတွေရဲ့ စကားလုံးတွေမှ အချက်အလက်ကို Interviewer က သိချင်လို့ မေးတာဖြစ်ပါတယ်။

သည်မေးခွန်း အာရုံစိုက်မှုက ပညာရေး (သို့) အတွေ့အကြုံကို ဖော်ညွှန်းတဲ့ အသိပညာအခြေခံကျွမ်းကျင်မှုတွေ (knowledge-baded skills)လည်း ဖြစ်နိုင်ပါတယ်။ အသွင်ပြောင်းချင်တဲ့ ကြန်အင်လက္ခဏာတွေဖြစ်တဲ့ ဆက်သွယ်ရေးပြဿနာ ဖြေရှင်းခြင်း၊ အချိန်စီမံခန့်ခွဲမှုနဲ့ အဖွဲ့အစည်းဆိုင်ရာ ကျွမ်းကျင်မှုတွေကို အခြေပြုပြီး ဖြေဆိုသင့်ပါတယ်။

အပြုအမူဆိုင်ရာ ကြန်အင်လက္ခဏာတွေ (Character Traits)ကိုလည်း ဖြေဆိုသင့်ပါတယ်။ ဒီလက္ခဏာတွေထဲမှာ ရက်တတ်မှု၊ ပျော်ရွှင်တတ်မှု၊ ပေါ့ပေါ့နေတတ်မှု၊ ဟာသဓာတ်ခံရှိမှုလည်း ပါဝင်ပါတယ်။

အကောင်းဆုံးအဖြေကတော့ ကြန်အင်လက္ခဏာပုံစံအားလုံးကို ပေါင်းစပ်ဖြေဆိုရမှာဖြစ်ပါတယ်။

(2) What are you strengths?

မင်းရဲ့အားသာချက်တွေက ဘာတွေလဲ။

mgyoe.com

mgyoe.com


အင်တာဗျူးမေးခွန်းတွေထဲက ဒီမေးခွန်းက ထိပ်ဆုံးမေးခွန်း ၁၀ ပုဒ်မှာ ပါဝင်ပါတယ်။

တစ်ခါတလေ ဒီမေးခွန်းကို အခုလို လှည့်ပတ်မေးတတ်ပါတယ်။

What is the strongest quality you could bring to this job?

ဒီအလုပ်မှာ မင်းရဲ့အကောင်းဆုံးအရည်အသွေးက ဘာလဲ။

(3) What can you offer this company?

ဒီကုမ္ပဏီကို မင်း ဘာတွေပေးစွမ်းနိုင်သလဲ။

ဖြေဆိုသူအနေနဲ့ ရှုပ်ထွေးသွားနိုင်တဲ့ မေးခွန်းပါ။

ဒါပေမဲ့ မိမိရဲ့အကောင်းဆုံးအားသာချက်တစ်ခုကို ဖြေဆိုသင့်ပါတယ်။

အလုပ်လျှောက်ထားသူရဲ့ အသင်းအဖွဲ့နဲ့
အလုပ်လုပ်တဲ့အတွေ့အကြုံကို လေ့လာမေးမြန်းခြင်း

Interview မေးမြန်းသူဟာ အလုပ်လျှောက်သူ အသင်းအဖွဲ့နဲ့ အလုပ်လုပ်မှု (Team Work)ကို မေးမြန်းလေ့ရှိပါတယ်။

(1) What was the most rewarding experience you've had in motivating people?

သင့်အနေနဲ့ လူတွေကို စိတ်ဓာတ်မြှင့်တင်ပေးရာမှာ အကျိုးကျေးဇူးအရှိဆုံးအတွေ့အကြုံက ဘာလဲ။

အလုပ်လျှောက်သူဟာ စိတ်ဓာတ်မြှင့်တင်ပေးနိုင်တဲ့ ခေါင်းဆောင်မှုအရည်အသွေးရှိသလားဆိုတာ Interviewer က စူးစမ်းလေ့ရှိတယ်။ ဖြေဆိုသူဟာ တိကျတဲ့အဖြေကို ပေးသင့်တယ်။

အခြားသူတွေကို စိတ်ဓာတ်မြှင့်တင်ပေးခြင်း (motivation)ဟာ အသင်းအဖွဲ့အလုပ် (Team Work)နဲ့ ပူးပေါင်းဆောင်ရွက်မှု (cooperation) ရဲ့ အစိတ်အပိုင်းဆိုတာ ဖြေဆိုရမှာဖြစ်ပါတယ်။

ဖြေဆိုသူအနေနဲ့ Team player ကောင်းတစ်ယောက်ဖြစ်ကြောင်း

mgyoe.com

mgyoe.com

ပေါ်လွင်စွာဖြေဆိုရမှာဖြစ်ပါတယ်။

(2) Have you been on a team on which someone was not pulling his or her weight?

သူ (သို့) သူမလေးကို မဆွဲခဲ့တဲ့ တစ်ဦးတစ်ယောက်ပါရှိတဲ့အသင်းမှာ သင် ပါခဲ့သလား။

ဖြေဆိုသူဟာ အသင်းအဖွဲ့ရဲ့ပဋိပက္ခ (သို့) ပြဿနာကို ဘယ်လိုဖြေရှင်းခဲ့သလဲဆိုတာ ပြောပြရပါမယ်။ ဖြေဆိုသူဟာ ကနဦးဆောင်ရွက်တတ်သူဖြစ်ကြောင်း၊ ပြဿနာတစ်ခုကို ဖြေရှင်းနိုင်စွမ်းရှိကြောင်း ပြောပြရမှာဖြစ်ပါတယ်။ ဖြေဆိုသူဟာ ဥပမာနဲ့ပြောဆိုတတ်ပြီး ဇာတ်လမ်းပမာပြောပြနိုင်ရင် ပိုသင့်လျော်ပါတယ်။

(3) Have you ever done anything to promote collaboration in a group?

အုပ်စုတစ်စုထဲမှာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့ သင် တစ်စုံတစ်ရာ ပြုလုပ်ပြီးပြီလား။

ဒီနေရာမှာ anything လို့ပြောတဲ့အတွက် အသင်းအဖွဲ့မှာ သင်ပါဝင်ဆောင်ရွက်ခဲ့တဲ့ အခန်းကဏ္ဍကို ဖြေဆိုရမှာဖြစ်ပါတယ်။

❖

mgyoe.com

mgyoe.com

# [၅]

အင်တာဗျူးဆိုတာ အလုပ်ပေးတဲ့အဖွဲ့အစည်း၊ အလုပ်နဲ့ အလုပ်လျှောက်ထားသူတွေရဲ့ အစိတ်အပိုင်းအားလုံးကို စဉ်းစားပြီး ဆန်းစစ်သုံးသပ်ဖို့ နှစ်လမ်းသွားအခွင့်အလမ်းပဲဖြစ်ပါတယ်။

အင်တာဗျူးမေးခွန်းတွေကို လေ့လာခြင်းဟာ သင့်အတွက် ဘာ့ကြောင့် ကောင်းမွန်သလဲ။

- ❑ အင်တာဗျူးမေးခွန်းတွေက အလုပ်ရှင် ဘာလိုအပ်သလဲဆိုတာ သင်နားလည်ဖို့ ကူညီပေးပါတယ်။
- ❑ အင်တာဗျူးမေးခွန်းတွေက သင် အလုပ်လိုချင်သလားဆိုတာ ဆုံးဖြတ်ဖို့ ကူညီပေးပါတယ်။
- ❑ အင်တာဗျူးမေးခွန်းတွေက နှစ်ဦးနှစ်ဖက် ကူညီပေးတဲ့အပြုအမူမှာ သင် ဆက်သွယ်နိုင်ဖို့ ကူညီပေးပါတယ်။

## အင်တာဗျူးအကြောင်း သင် ဘာသိဖို့လိုအပ်သလဲ

အလုပ်အင်တာဗျူးဆိုတာ အလုပ်အကိုင်ခန့်အပ်တဲ့အဖွဲ့အစည်းက အလုပ်ခန့်ခြင်းဆိုင်ရာ အရေးကြီးတဲ့ ဦးစားပေးအချက် (၃)ချက်အတွက် ကြိုးပမ်းမှုတစ်ရပ်ပါပဲ။

mgyoe.com

mgyoe.com

(၁) အလုပ်လျှောက်သူ ဘာလုပ်နိုင်သလဲ။

အလုပ်လျှောက်သူမှာ စွမ်းဆောင်ရည်ပြနိုင်ဖို့ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုတွေနဲ့ တက်ထားတဲ့သင်တန်းတွေ ရှိတယ်။

(၂) အလုပ်လျှောက်သူ ဘာလုပ်မလဲ။

အလုပ်လျှောက်သူမှာ အတွေ့အကြုံနဲ့ ကိုင်တွယ်ထိတွေ့လို့မရတဲ့ လုပ်ချင်ကိုင်ချင်တဲ့စိတ်ဓာတ် မြင့်တင်ခြင်းဆိုင်ရာအချက်ကို ပိုင်ဆိုင်ထားတယ်။

(၃) အလုပ်နဲ့သင့်တော်ရဲ့လား။

အလုပ်လျှောက်ထားသူမှာ အတွေ့အကြုံရှိခဲ့ရင် ဒီအလုပ်နဲ့ သင့်တော်ရဲ့လားဆိုတာ အလုပ်ရှင်မှ စူးစမ်းလေ့ရှိတယ်။

အင်တာဗျူးအဆင့်များ

အင်တာဗျူးမေးသူနဲ့ အင်တာဗျူးဖြေဆိုသူတို့ပေါ်မူတည်ပြီး အင်တာဗျူးရဲ့အစပိုင်းမှာ ထွေရာလေးပါးမေးမြန်းပြီး ကိုယ်ရေးရာဇဝင်မှာပါတဲ့ အချက်တွေကို မေးမြန်းကြတယ်။ အင်တာဗျူးရဲ့အလယ်ပိုင်းမှာ အရေးပါတဲ့ အချက်ကို မေးမြန်းလေ့ရှိတယ်။ နောက်ဆုံးမှာတော့ အင်တာဗျူးဖြေသူရဲ့ တုံ့ပြန်မှုနဲ့ သူမေးချင်ရာမေးခွင့်ပြုတယ်။

## Start-up Questions

အစကနဦးမေးခွန်းများ

အင်တာဗျူးရဲ့အစပိုင်းမေးခွန်းတွေက ဖြေဆိုတတ်ရင် သင့်အတွက် အောင်မြင်မှုဖြစ်နိုင်သလို မဖြေဆိုတတ်ရင်လည်း ကျဆုံးမှုဖြစ်နိုင်တယ်။ လေ့လာနိုင်အောင် နမူနာမေးခွန်းတွေကို ဖော်ပြထားပါတယ်။

(1) What experience do you have with start-up situations?

အစကနဦးအခြေအနေတွေနဲ့ ပတ်သက်လို့ သင့်မှာ ဘာအတွေ့အကြုံ ရှိသလဲ။

mgyoe.com

I've had responsibility for working with a team for setting up a new business for xyz company when it went through rapaid growth. I think those experiences will be applicable here.

xyz ကုမ္ပဏီ လျင်လျင်မြန်မြန် တိုးတက်ခဲ့တဲ့အချိန်မှာ စီးပွားရေးလုပ်ငန်းအသစ်တစ်ခု စတင်ထူထောင်ခြင်းအတွက် အသင်းအဖွဲ့နဲ့ အလုပ်လုပ်ခြင်းကို ကျွန်တော် တာဝန်ယူခဲ့ရပါတယ်။ အဲဒီအတွေ့အကြုံတွေဟာ ဒီနေရာမှာ အသုံးချနိုင်လိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်။

* နောက်ထပ်မေးခွန်းတစ်ခုကတော့ အသက်အရွယ်အမျိုးမျိုးရှိတဲ့ ဝန်ထမ်းကြီးငယ်ကို ဘယ်လိုအုပ်ချုပ်နိုင်မလဲဆိုတာမျိုးဖြစ်ပါတယ်။ ဖြေဆိုသူဟာ ယခင်လုပ်ငန်းမှာ ဒါမျိုးလုပ်နိုင်ခဲ့လို့လည်း လုပ်နိုင်တယ်ဆိုတာ ဖြေဆိုသင့်ပါတယ်။

(2) The average age of our employee is 30 years. How would you manage them?

ငါတို့ဝန်ထမ်းတွေရဲ့ ပျမ်းမျှအသက်က သုံးဆယ်နှစ်ဖြစ်တယ်။ သူတို့ကို မင်း ဘယ်လိုစီမံခန့်ခွဲမလဲ။

I've had a lot of experience for manager at ABC company with managing employees who were a vanety of ages. I have found there are similarities and differences that have made me an effective manager. I will be effective here talking that same approach.

ကျွန်တော်ဟာ အသက်အရွယ်မျိုးစုံရှိတဲ့ ဝန်ထမ်းတွေပါ စီမံခန့်ခွဲခြင်းနဲ့အတူ အေဘီစီကုမ္ပဏီမှာ မန်နေဂျာအတွေ့အကြုံ အများကြီးရှိခဲ့တယ်။ ကျွန်တော့်ကို ထိရောက်အကျိုးရှိတဲ့ မန်နေဂျာတစ်ဦးဖြစ်ဖို့ တူညီမှုတွေနဲ့ ကွဲပြားခြားနားမှုတွေက ပြုလုပ်ခဲ့တာကို ကျွန်တော်တို့တွေ့ရှိခဲ့ပါတယ်။ အဲဒီလို တူညီတဲ့နည်းလမ်းကိုယူပြီး ကျွန်တော် ထိရောက်အကျိုးရှိမှုဖြစ်အောင် လုပ်မှာပါ။

mgyoe.com

mgyoe.com


* အလုပ်ဝင်စမှာ အလုပ်ချိန်နဲ့ပတ်သက်လို့ ပြောင်းလွယ်ပြင်လွယ် ဖြစ်ရင် ဘယ်လိုသဘောရသလဲဆိုတာ အင်တာဗျူးမေးသူက အလုပ်လျှောက်သူကို မေးလေ့ရှိပါတယ်။

(3) How flexible are your working hours?

မင်းရဲ့အလုပ်ချိန်က ပြောင်းလွယ်ပြင်လွယ်ဖြစ်ရင် ဘယ်လိုလုပ်မလဲ။

I realize this is a start-up, so I understand that I need to be as flexible as the situation requires. If I didn't understand the time demands and agree to them beforehand, I would not be there talking to you about this opportunity today.

ဒါဟာ အစကနဦးဆိုတာ သိရှိသဘောပေါက်တယ်။ အဲဒါကြောင့် အခြေအနေလိုအပ်သလို ပြုလွယ်ပြောင်းလွယ်ဖြစ်ဖို့ လိုအပ်တယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်။ အချိန်တောင်းဆိုမှု ကျွန်တော်နားမလည်ဘဲ အဲဒါတွေ ကြိုတင်သဘောတူခဲ့ရင် ဒီနေ့အခွင့်အလမ်းနဲ့ပတ်သက်လို့ လူကြီးမင်းကို ဒီမှာ စကားပြောနိုင်လိမ့်မှာမဟုတ်ပါဘူး။

* အစကနဦးမှာ ဖိအားပေးမှုနဲ့ ကြုံတွေ့လာရင် ဘယ်လိုရင်ဆိုင်မလဲ ဆိုတာကိုလည်း မေးမြန်းတတ်ပါတယ်။

(4) Over the next year, we all will be working under pressure to meet deadlines. Can you do to support our efforts?

လာမယ့်နှစ်မှာ ကျွန်တော်တို့အားလုံးဟာ နောက်ဆုံးသတ်မှတ်ရက်တွေအမီ ရရှိဖို့ဖိအားပေးမှုအောက်မှာ အလုပ်လုပ်ရလိမ့်မယ်။ ကျွန်တော်တို့ရဲ့ကြိုးပမ်းမှုတွေကို ထောက်ခံဖို့ မင်းဘာလုပ်နိုင်သလဲ။

I realize that you need someone who is going to be available for anything to be honest, I intend to work under pressure to meet deadlines.

mgyoe.com

mgyoe.com

တစ်စုံတစ်ရာရရှိဖို့ လူတစ်ဦးတစ်ယောက် လူကြီးမင်းလိုအပ်တာ ကျွန်တော်သဘောပေါက်ပါတယ်။ အရိုးသားဆုံးပြောရရင် နောက်ဆုံးသတ်မှတ်ရက်တွေအမီ ရရှိဖို့ ဖိအားပေးမှုအောက်မှာ အလုပ်လုပ်ဖို့ ကျွန်တော် ရည်ရွယ်ထားပါတယ်။

(5) If necessary, can you relocate?

လိုအပ်လျှင် သင့်ကို နေရာပြန်ချနိုင်သလား။

Just give me warning and provide assistance with the arrangements and I'll go wherever you require me to be.

ကျွန်တော့်ကို သတိပေးပြီး စီစဉ်မှုတွေနဲ့ အကူအညီပေးပါ။ သင်လိုအပ်တဲ့ ဘယ်နေရာမဆို ကျွန်တော်သွားပါမယ်။

(6) Are you available for extensive travel?

အပိုခရီးသွားခြင်းအတွက် သင့်ကိုရနိုင်သလား။

As I mentioned before, If you offer me the job, this organization will be my first prionty. So just let me know what you need me to do and where you need to be, and I will be there ready to go.

အရင်တုန်းက ကျွန်တော်ဖော်ပြပြောဆိုခဲ့တဲ့အတိုင်း ဒီအလုပ်ကို လူကြီးမင်း ကျွန်တော့်ကိုကမ်းလှမ်းရင် ဒီအဖွဲ့အစည်းဟာ ကျွန်တော့်ရဲ့ ပထမဦးစားပေးဖြစ်လိမ့်မယ်။ အဲဒါကြောင့် ကျွန်တော့်ကို ဘာလုပ်ဖို့လိုအပ်သလဲဆိုတာ သိပါရစေ။ ပြီးတော့ ဘယ်နေရာမှာ ကျွန်တော့်ကိုလိုအပ်သလဲဆိုတာ သိပါရစေ။ ကျွန်တော်သွားဖို့ အဆင်သင့်ဖြစ်ပါလိမ့်မယ်။

❖

mgyoe.com

mgyoe.com

# [ ၆ ]

အလုပ်ရှင်များဟာ ကုန်ကျစရိတ်ကို သတိထားကြတယ်။ အင်တာဗျူးသူများ ဝန်ထမ်းရှာဖွေရန် မျှော်လင့်ထားသောအရာမှာ Candidate (အလုပ်လျှောက်ထားသူ)သည် Can do, will do, fit? ဖြစ်ရဲ့လား၊ လုပ်နိုင်ရဲ့လား၊ လုပ်မှာလား၊ ရာထူးနဲ့သင့်တော်ရဲ့လား။ အလုပ်နှင့်အဖွဲ့အစည်းရဲ့ ရည်မှန်းချက်များ ရရှိဖို့ စိတ်ဓာတ်မြှင့်တင်ပေးခြင်း (လုပ်ချင်စိတ်ရှိခြင်း)နဲ့ ကျွမ်းကျင်မှုများနဲ့ ကိုက်ညီတဲ့ အလုပ်လျှောက်ထားသူကို အလုပ်ရှင်များက လိုချင်ကြတယ်။

**Candidate** ကို ဘယ်လိုအစည်အဝေးများနဲ့ လက်ခံကြလဲ၊

ပထမဆုံးစမ်းသပ်စစ်ဆေးမှုအနေဖြင့် Covering Letter ရေးသားမှုဖြစ်တယ်။ သည့်နောက် ကိုယ်ရေးရာဇဝင် (Resume) or (CV) ကို ကြည့်ကြတယ်။ ထောက်ခံသော Referral ကိုကြည့်ကြတယ်။ မည်သူက ထောက်ခံသနည်း။ Covering Letter, Resume ရေးသားမှုနဲ့ အညီ အလုပ်လျှောက်ထားသူ မည်မျှကောင်းကောင်း အလုပ်လုပ်နိုင်တာကို အင်တာဗျူးမေးမြန်းပြီးမှ ရွေးချယ်လက်ခံခြင်းဖြစ်ပါတယ်။

မြန်မြန်ဆန်ဆန်နှင့် မှန်ကန်သောလူ (The right person)ကို

mgyoe.com

mgyoe.com
ရွေးချယ်နိုင်ခြင်းဟာ အလုပ်ရှင်အတွက် အချိန်သက်သာစေတယ်။

နောက်ထပ် အလုပ်ရှင်အဖွဲ့အစည်းဘက်မှ မျှော်လင့်ထားသောအရာမှာ စွန့်စားရဲခြင်း (risk-taking)ဖြစ်တယ်။ "Out of the box"ကို စဉ်းစားနိုင်သောသူကို အလိုရှိကြတယ်။ ထိုသူမှာ ဖန်တီးတတ်သော အိုင်ဒီယာရှိသူ ဖြစ်ရမယ်။ စီးပွားရေးလုပ်ငန်းက လျင်မြန်စွာပြောင်းလဲနေတယ်။ နည်းပညာက ပြောင်းလဲမှုကို ကိစ္စရပ်များစွာမှာ မောင်းနှင်နေတယ်။ ယှဉ်ပြိုင်မှုက ကမ္ဘာဆန်လာတယ်။ သည့်အတွက်ကြောင့် Out of the box လို ပုဂ္ဂိုလ်မျိုးကို အလိုရှိခြင်းဖြစ်တယ်။

အလုပ်အဖွဲ့အစည်းများက လေ့လာသူများ (Learners)နဲ့ ဆရာများ(Teachers)လိုအပ်တယ်။ သင်ဟာ ဘယ်လိုလူစားမျိုးလဲ။ ဉာဏ်ရည်ထက်မြက်သော၊ အိုင်ဒီယာသစ်ရှိသော၊ နည်းလမ်းသစ်ရှာဖွေနိုင်သောသူများကို လိုချင်ကြတယ်။ အလုပ်လျှောက်ထားသူဟာ ကောင်းမွန်သော သင်ကြားပေးသူလား၊ လျင်လျင်မြန်မြန် လေ့လာတတ်သူလား၊ တခြားသူတွေထံမှ ဘယ်လောက်ကောင်းကောင်း လေ့လာသလဲ။ ဘာသိဖို့လိုအပ်သလဲဆိုတာ ဘယ်လိုဆုံးဖြတ်သလဲ။ လိုအပ်တဲ့သတင်းအချက်အလက် (သို့) ကျွမ်းကျင်မှုကို ဘယ်နေရာမှရရှိအောင်ပြုလုပ်သလဲ။ ထိရောက်တဲ့ အပြုအမူမှာ သင် ဘာသိသလဲဆိုတာ မျှဝေနိုင်ရဲ့လား။

## Closed-ended Questions

Closed-ended မေးခွန်းတွေကို yes (or) No (or) I don't know ဖြေဖို့လိုအပ်ပါတယ်။

(1) Are you a people person?

မင်းဟာလူကို အဓိကထားတဲ့ ပုဂ္ဂိုလ်ဖြစ်သလား။

I am a result-oriented person. I'll do what the situation requires to achieve goals such as quality and cost-effectiveness. I realize that people are needed to meet goals and objectives.

ကျွန်တော်ဟာ ရလဒ်ကို ဦးစားပေးတဲ့ပုဂ္ဂိုလ်ပါ။ အရည်အသွေးနဲ့

mgyoe.com

mgyoe.com

ကုန်ကျစရိတ်ချုံ့နပ်မှုကို ရည်မှန်းချက်တွေရရှိဖို့ လိုအပ်တဲ့အခြေအနေကို ကျွန်တော် ပြုလုပ်ပါ့မယ်။ လူတွေဟာ ရည်မှန်းချက်နဲ့ ပန်းတိုင်တွေရရှိဖို့ လိုအပ်တယ်ဆိုတာ သိရှိသဘောပေါက်ပါတယ်။

အထက်ပါ Q & A ကိုလေ့လာကြည့်ရင် အင်တာဗျူးသူက ပျော့ပျော့ပျောင်းပျောင်း (Softy)မေးမြန်းတယ်လို့ မှတ်ယူနိုင်တယ်။ ဖြေဆိုသူအနေနဲ့ အပြုသဘောဆန်တဲ့ဘက်က တုံ့ပြန်သင့်ပါတယ်။ လူရောအလုပ်ကိုပါ အခြေပြုတဲ့အခြေအနေနှစ်ခုစလုံးကို အာရုံစိုက်တဲ့ ချိန်ညှိနည်းနဲ့ ဖြေဆိုထားတာ သတိပြုပါ။

(2) Do you like travelling much as a purchasing manager?

ဝယ်ယူမှုမန်နေဂျာအနေနဲ့ သင် ခရီးသွားခြင်းကို အလွန်နှစ်သက်ပါသလား။

Yes, I do. One of the reasons I like this position is the prospect of international travel. I want to experience different cultures and learn about the different ways in which business is done elsewhere. So, I really like travelling much.

ဟုတ်ကဲ့၊ နှစ်သက်ပါတယ်။ ဒီရာထူးကို ကျွန်တော် နှစ်သက်တဲ့အကြောင်းရင်းတစ်ခုကတော့ နိုင်ငံတကာခရီးသွားလာရေး အလားအလာကြောင့်ပါ။ ကွဲပြားခြားနားတဲ့အတွေ့အကြုံကို ကျွန်တော်ရချင်ပြီး နေရာအနှံ့ ဆောင်ရွက်တဲ့ စီးပွားရေးလုပ်ငန်းမှာ တစ်မူကွဲပြားတဲ့နည်းလမ်းတွေနဲ့ ပတ်သက်လို့ လေ့လာချင်လို့ပါ။ အဲဒါကြောင့် တကယ်ပြောရရင် ကျွန်တော်က ခရီးသွားခြင်းကို သိပ်နှစ်သက်ပါတယ်။

အထက်ပါ Q & A ကို လေ့လာကြည့်ရင် ဖြေဆိုသူရဲ့အသိပညာ၊ ဗဟုသုတနဲ့ ပြည့်ပြည့်စုံစုံ ဖြေဆိုထားတာ တွေ့ရပါတယ်။

mgyoe.com

mgyoe.com

(3) Do you play any competitive sports?

ယှဉ်ပြိုင်ရတဲ့ အားကစားတစ်ခုခုကို သင် ကစားပါသလား။

No, I don't play any competitive sports, but I do go jogging at least twice a week. I find that regular exercise gives me more energy in my life and my work.

မကစားပါဘူး။ ယှဉ်ပြိုင်နိုင်တဲ့ အားကစားကို ကျွန်တော်မကစားပါဘူး။ ဒါပေမဲ့ တစ်ပတ်ကိုနှစ်ကြိမ် အနည်းဆုံးပြေးလိုက်၊ လမ်းလျှောက်လိုက် လုပ်ပါတယ်။ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းက ကျွန်တော့်ဘဝနဲ့ ကျွန်တော့် အလုပ်ကို ပိုမိုစွမ်းအားပြည့်စေတယ်လို့ ထင်ပါတယ်။

အထက်ပါ Q & A မှာ No လို့ ဖြေဆိုပေမယ့် အကျိုးသင့်အကြောင်းသင့် ရှင်းပြတာက မေးမြန်းသူကို ကျေနပ်စေနိုင်ပါတယ်။

(4) Can you tell me how you keep up with your previous job trend?

သင့်ရဲ့ယခင်ကအလုပ်လမ်းကြောင်းကို သင် ဘယ်လိုထိန်းသိမ်းသလဲ ဆိုတာ ပြောပြနိုင်ပါသလား။

Yes, I can. My previous job is sales representative for medical products. So, I read medical magazines and journals to know all the latest changes in the prescription of drugs. I also attended medical seminars, specially to hear what new developments are going on. I'm also still in touch with a lot of friends who has much more working experience in medical products and we all exchange ideas about how we can do our jobs better.

ဟုတ်ကဲ့၊ ပြောနိုင်ပါတယ်။ ကျွန်တော့်ယခင်အလုပ်က ဆေးပစ္စည်းတွေအတွက် အရောင်းကိုယ်စားလှယ်ပါ။ အဲဒါကြောင့် ဆေးညွှန်းတွေနဲ့ ပတ်သက်လို့ နောက်ဆုံးပေါ် ပြောင်းလဲမှုတွေအားလုံးသိဖို့ ဆေးပညာ မဂ္ဂဇင်းတွေနဲ့ ဂျာနယ်တွေဖတ်ခဲ့ရပါတယ်။ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်မှု

mgyoe.com

အသစ်တွေ ဘာဖြစ်နေသလဲကြားသိရဖို့ ဆေးပညာဆိုင်ရာ ဟောပြောပွဲတွေလည်း တက်ရောက်ခဲ့ရပါတယ်။ ဆေးပစ္စည်းတွေနဲ့ပတ်သက်လို့ လုပ်ငန်းအတွေ့အကြုံ ပိုမိုရှိကြတဲ့ မိတ်ဆွေများစွာနဲ့လည်း အဆက်အဆံပြုခဲ့ပါတယ်။ ပြီးတော့ ကျွန်တော်တို့အလုပ်တွေ ပိုမိုကောင်းမွန်အောင် ဘယ်လိုပြုလုပ်နိုင်သလဲဆိုတာ အိုင်ဒီယာတွေ ဖလှယ်ကြပါတယ်။

(5) Do you think you have maturity to do this job?
ဒီအလုပ်လုပ်ဖို့ သင့်မှာ ရင့်ကျက်မှုရှိတယ်လို့ ထင်ပါသလား။

Yes, I do. I know that I have the maturity to do this job. For the last 18 months, I've had three people working under me and they've all been other than me. They've told me that I'm a good supervisor by listening to their personal and professional needs. I see this job as the natural progression to what I've already demonstrated I can do.

ဟုတ်ကဲ့၊ ရှိတယ်လို့ထင်ပါတယ်။ ဒီအလုပ်လုပ်ဖို့ ရင့်ကျက်မှု ကျွန်တော့်မှာရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်။ လွန်ခဲ့တဲ့ ၁၈ လက ကျွန်တော့်အောက်မှာ အလုပ်လုပ်နေတဲ့လူ ၃ ဦးရှိပြီး သူတို့က ကျွန်တော့်ထက် ပိုအသက်ကြီးပါတယ်။ သူတို့ရဲ့ကိုယ်ရေးကိုယ်တာနဲ့ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လိုအင်တွေကို နားထောင်ခြင်းဖြင့် ကျွန်တော်က ကောင်းမွန်တဲ့အလုပ်ကြီးကြပ်သူတစ်ယောက်ဖြစ်တယ်လို့ သူတို့က ပြောခဲ့ပါတယ်။ ကျွန်တော်လုပ်နိုင်တာကို ကျွန်တော် ဖော်ပြခဲ့သလို ဒီအလုပ်ဟာ သဘာဝကျတဲ့ တိုးတက်မှုတစ်ရပ်လို့ ကျွန်တော်နားလည်ပါတယ်။

❖

mgyoe.com

mgyoe.com

# [ ၇ ]

အလုပ်လျှောက်သူများအတွက် အရေးပါသောအရည်အသွေးတစ်ရပ်မှာ အများယုံကြည်လက်ခံစိတ်ချရမှု (Credibility)ဖြစ်တယ်။ သည့်အတွက် အင်တာဗျူးမေးသူများဟာ အလုပ်လျှောက်သူရဲ့ Background နဲ့ပတ်သက်ပြီး မေးခွန်းများစွာ မေးကြတယ်။ ကွဲပြားခြားနားသောအခြေအနေများ (different situations)တွင် သင်ဘယ်လိုတုံ့ပြန်သည်ကို သိလိုကြတယ်။ သင့်အတွေ့အကြုံတွေကို စူးစမ်းရှာဖွေကြတယ်။

Body Language၊ ဖြေဆိုသူ၏ လေသံ (voice of tone)နဲ့ တင်ပြမှုစွမ်းရည်များ (presentation skills)ဟာလည်း အင်တာဗျူးအတွက် အရေးပါလှတယ်။

အင်တာဗျူးအမှားများ (Errors of Interviewing)

- ❑ နောက်ကျခြင်း (lateness)
- ❑ ငွေကြေးပေါ်တွင် စိတ်ဝင်စားမှုများလွန်းခြင်း (Too much interest in money)
- ❑ အပြောအဆို အထိအတွေ့ကင်းမဲ့မှု (Tactlessness)
- ❑ မတုန်မလှုပ်နေထိုင်မှု (passivity)

mgyoe.com

mgyoe.com

- စိတ်မဝင်စားခြင်း (Indifference)
- မျက်လုံးချင်းထိတွေ့မှုအားနည်းခြင်း (lack of eye contact)
- လက်ဆွဲနှုတ်ဆက်မှုအားနည်းခြင်း (weak handshake)
- ညံ့ဖျင်းသောသွင်ပြင်လက္ခဏာ (poor appearance)
- ပြင်ဆင်မှုအားနည်းခြင်း (lack of preparation)
- ညံ့ဖျင်းသောအပြောအဆို ကျွမ်းကျင်မှုများ (poor speaking skills)
- စိတ်လှုပ်ရှားကြောက်ရွံ့ခြင်း (Nervousness)
- အစီအစဉ်အားနည်းခြင်း (lack of planning)
- ရည်မှန်းချက်များမရှိခြင်း (lack of goals)
- မရင့်ကျက်ခြင်း (Immaturity)
- ရှောင်တိမ်းသောတုံ့ပြန်မှုများ (Evasive responses)
- မျှော်လင့်ထားမှုများ သိပ်မြင့်မားနေခြင်း (Expectations too high)
- ပြောင်းလွယ်ပြင်လွယ်မရှိသော မျှော်လင့်ထားမှုများ (Inflexible expectations)
- မာနကြီး မောက်မာမှု (arrogance)
- အဖွဲ့အစည်းပေါ်တွင် စိတ်ဝင်စားမှုအားနည်းခြင်း (lack of interest in organization)
- မသပ်မရပ်သော အလုပ်လျှောက်လွှာပုံစံ (Sloppy application form)
- အလုပ်အာရုံစိုက်မှုမရှိခြင်း (lack of attentiveness)
- ထေ့လုံးငေါ့လုံး (sarcasm)
- အားကောင်းသော ဘက်လိုက်ခြင်း (strong prejudices)
- အပိုဖော်ပြထားသော အရည်အချင်းများ (over qualifications)
- ရည်ညွှန်းပုဂ္ဂိုလ်များပေးရန် စိတ်မပါခြင်း (unwilling to give references)
- ညံ့ဖျင်းသောရည်ညွှန်းမှုများ (poor references)

mgyoe.com

mgyoe.com

အင်တာဗျူးမေးသူဟာ စိတ်အားထက်သန်မှု (enthusiasm)ကို လက်ခံရန် ကြိုးစားကြတယ်။ အလုပ်လျှောက်သူဟာ အင်တာဗျူးရာထူး အတွက် စိတ်အားထက်သန်မှုကို ပြသသင့်တယ်။ သည်ရာထူးကို စစ်စစ်မှန်မှန် စိတ်အားထက်သန်ရဲ့လား။ အင်တာဗျူးဖြေသူများဟာ စိတ်လိုလက်ရ ဆောင်ရွက်ခြင်းနဲ့ စိတ်အားထက်သန်မှုကို တန်းတူထားကြတယ်။

ဖြေဆိုသူဟာ မိမိအလုပ်လျှောက်တဲ့ ကုမ္ပဏီအကြောင်းကို သိပါသလား။ ထုတ်ကုန်ပစ္စည်းများအကြောင်း၊ ကုမ္ပဏီသမိုင်းကြောင်းကို သိပါသလား။ သင်သိခဲ့ရင် ဘာကြောင့်လဲလို့မေးလိမ့်မယ်။ If so, why?

သည်အခါ သင့်အနေဖြင့် Strong answer ဖြေဆိုခြင်းဖြင့် စိတ်အားထက်သန်မှုကို ပြသခြင်းဖြင့် အခွင့်အလမ်းရရှိလာပါလိမ့်မယ်။

## Open-ended Questions

ယင်းမေးခွန်းများဟာ ဖြေဆိုသူကို အသေးစိတ်ရှင်းလင်းဖြေဆိုရန် လက်တွေ့ကျကျ တောင်းဆိုတယ်။ တုံ့ပြန်ဖြေဆိုမှုဟာ ရည်ရွယ်ထားတာထက် ပိုမိုနိုင်တယ်။

ယင်း Open-ended မေးခွန်းများဟာ သတင်းအချက်အလက် (Information)များများဖြေဆိုရန် ပေးတဲ့မေးခွန်းများဖြစ်တယ်။

(1) You've been working for yourself for some time now Why do you want to be employed by someone again?

အခုအချိန်တစ်ချိန်ထိ သင်ကိုယ်ပိုင် အလုပ်လုပ်နေတယ်နော်။ တစ်ဦးတစ်ယောက်ရဲ့ အလုပ်ထပ်ခန့်တာကို ဘာ့ကြောင့် သင်လိုချင်တာလဲ။

I enjoy my private work and I've been quite successful at it. But I've found working for myeself quite lonely. I miss my colleagues to discuss ideas with. I'm very much a social person and I simply need to get back into an environment where I'm surrounded by people and ideas.

mgyoe.com

ကျွန်တော့် ကိုယ်ပိုင်အလုပ်ကို ကျွန်တော်ပျော်ပါတယ်။ အဲဒီအလုပ်မှာ ကျွန်တော် လုံးဝအောင်မြင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တစ်ယောက်တည်း အလုပ်လုပ်နေရတာ အထီးကျန်တယ်လို့ ထင်ခဲ့မိတယ်။ အိုင်ဒီယာတွေ ဆွေးနွေးဖို့ ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေကို လွမ်းတယ်။ ကျွန်တော်က လူမှုရေးကို အလွန်ဝါသနာပါတဲ့ပုဂ္ဂိုလ်ပါ။ ကျွန်တော့်ကို လူတွေနဲ့၊ အိုင်ဒီယာတွေနဲ့ ဝန်းရံထားတဲ့ ပတ်ဝန်းကျင်ကို ကျွန်တော်ပြန်ရောက်ဖို့ လိုအပ်ပါတယ်။

(2) You've away from work for sometime- how have you spent your time?

သင်ဟာ အချိန်အနည်းငယ်ကြာ အလုပ်ကထွက်ခဲ့ပြီနော်။ သင့်အချိန်ကို ဘယ်လိုသုံးစွဲခဲ့သလဲ။

I've been doing a lot of reading and I took a course in creative writing to improve my English. But now I'm keen to get back to work as I have lost goals I want to achieve.

ကျွန်တော်ဟာ စာအများကြီးဖတ်နေခဲ့ပါတယ်။ ပြီးတော့ ကျွန်တော့် အင်္ဂလိပ်စာတိုးတက်ဖို့ ဖန်တီးတတ်တဲ့ ရေးသားနည်းသင်တန်းတစ်ခု တက်ခဲ့ပါတယ်။ ဒါပေမဲ့ အခုတော့ ကျွန်တော်ရရှိအောင်မြင်ချင်တဲ့ ရည်မှန်းချက်များစွာ ကျွန်တော့်မှာရှိနေတဲ့အတွက် အလုပ်လုပ်ဖို့ ကျွန်တော် စိတ်အား ထက်သန်နေပါတယ်။

(3) This is a challenging role. Are you sure you want to do it at this stage of your career?

ဒါဟာ စိန်ခေါ်နေတဲ့ အခန်းကဏ္ဍတစ်ခုပါပဲ။ သင့်အသက်မွေးမှုရဲ့ ဒီအဆင့်မှာ ဒါကိုလုပ်ဖို့ သင်အလိုရှိတာ သေချာရဲ့လား။

I've been working as a production manager for the last 15 years. But I still feel that I haven't achieved ev-

mgyoe.com

mgyoe.com


erything in my career. In particular, I've never worked for a oversea company. So, I think this job would be a unique opportunity for me to travel and make a contribution to the business at the same time.

လွန်ခဲ့တဲ့ ၁၅ နှစ်က ကျွန်တော်ဟာ ကုန်ထုတ်လုပ်မှုမန်နေဂျာအနေနဲ့ အလုပ်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အသက်မွေးမှုအရာရာတိုင်းမှာ ကျွန်တော် အောင်မြင်မှုမရရှိခဲ့ဘူးလို့ ကျွန်တော်ခံစားမိနေဆဲပါ။ အထူးသဖြင့် ကျွန်တော်ဟာ နိုင်ငံရပ်ခြားကုမ္ပဏီတစ်ခုခုမှာ ဘယ်တော့မှ အလုပ်မလုပ်ခဲ့ဖူးပါ။ အဲဒါကြောင့် ဒီအလုပ်ဟာ ခရီးသွားဖို့ ကျွန်တော့်အတွက် ပြိုင်ဘက်ကင်းတဲ့ အခွင့်အလမ်းတစ်ခု ဖြစ်ပါလိမ့်မယ်။ တစ်ချိန်တည်းမှာ စီးပွားရေးလုပ်ငန်းမှာ ပါဝင်ကူညီ လုပ်ကိုင်ဖြစ်တာလည်း ဖြစ်ပါလိမ့်မယ်။

(4) What hobbies and interests do you have outside of work?

လုပ်ငန်းခွင်ပြင်ပမှာ ဘယ်လိုဝါသနာတွေနဲ့ စိတ်ဝင်စားမှုတွေရှိသလဲ။

I'm a keen photographer. I think that looking for interesting photos to take gives me a fresh outlook on life. Besides, something that probably helps me to stay more open-minded about opportunities at work too.

ကျွန်တော်ဟာ ဓာတ်ပုံရိုက်ဖို့ စိတ်အားထက်သန်သူတစ်ဦးပါ။ စိတ်ဝင်စားဖွယ် ဓာတ်ပုံတွေရိုက်ဖို့ ရှာဖွေခြင်း၊ ဘဝမှာ လတ်ဆတ်တဲ့အမြင်ကို ပေးတယ်လို့ ကျွန်တော်ထင်တယ်။ ပြီးတော့ အလုပ်ထဲမှာလည်း အခွင့်အလမ်းတွေနဲ့ပတ်သက်လို့ ပိုမိုပွင့်လင်းတဲ့စိတ်နဲ့ နေထိုင်ဖို့ ကျွန်တော့်ကို တစ်စုံတစ်ရာက ကူညီကောင်းကူညီလိမ့်မယ်။

❖

mgyoe.com

mgyoe.com

## [ ၈ ]

အင်တာဗျူးလုပ်ငန်းစဉ်ကို နားလည်ခြင်း

အင်တာဗျူးတစ်ခုတွင် အနည်းဆုံးတော့ တိကျသော အစီအစဉ်နှစ်ခု ရှိတယ်။ ဖြစ်နိုင်လျှင် Agenda(၄)ခုထိ ရှိနိုင်တယ်။

(၁) သင့်အစီအစဉ်

(၂) အင်တာဗျူးမေးသူရဲ့ အစီအစဉ်

(၃) ဖုံးကွယ်ထားသော အစီအစဉ် (သင့်အစီအစဉ်)

(၄) ဖုံးကွယ်ထားသော အစီအစဉ် (အင်တာဗျူးမေးသူရဲ့အစီအစဉ်)

အင်တာဗျူးမေးသူရဲ့အစီအစဉ်တွင် ထိုးထွင်းအမြင် တစ်စုံတစ်ရာ သင့်တွင်ရှိနိုင်တယ်။ (သို့မဟုတ်) သင့်တွင် မရှိနိုင်ချေ။ အင်တာဗျူးမေးသူတွင် ကြိုတင်ရေးချထားသော မေးခွန်းစာရင်းတစ်ခုရှိနိုင်တယ်။ သင့်ကိုယ်ရေးရာဇဝင်ကို မှတ်စုထုတ်ထားနိုင်ပါတယ်။ အင်တာဗျူးမဖြေခင် သင်နဲ့ ပတ်သက်တဲ့ လိုအပ်ထားသောအချက်များကို မှတ်သားထားပြီးဖြစ်နိုင်တယ်။ ယင်းအချက်များဟာ အင်တာဗျူးမေးသူရဲ့အစီအစဉ်မှာ အခြေခံအချက်များ ဖြစ်နိုင်တယ်။ အင်တာဗျူးမတိုင်ခင် သင့်အပေါ် ကျေနပ်သော အချက်များလည်း ရှိနိုင်တယ်။ သင်နဲ့ အစေးကပ်မှု ဖော်ဆောင်ခြင်းအစိတ်အပိုင်းလည်း ဖြစ်နိုင်တယ်။ အင်တာဗျူးမေးသူအတွက် ခြေလှမ်းစတင်ရန်

mgyoe.com

mgyoe.com

ဖြစ်နိုင်တယ်။ အင်တာဗျူးမေးမြန်းခြင်းဟာ ရည်းစားနဲ့ချိန်းတွေ့ခြင်းကဲ့သို့ ဖြစ်နိုင်တယ်။ ဖြစ်နိုင်လျှင် ချစ်ခြင်းမေတ္တာသက်ဝင်သွားနိုင်တယ်။ ရှေ့သွားနောက်လိုက်ညီတဲ့ အကမျိုးလည်းဖြစ်နိုင်တယ်။ အင်တာဗျူးဖြေသူရဲ့ အခန်းကဏ္ဍဟာ အင်တာဗျူးမေးသူရဲ့ခြေလှမ်း၊ ဘာသာစကား၊ Body Language နဲ့ လိုက်ဖက်ညီအောင် ဖြေဆိုတတ်ရမှာဖြစ်တယ်။

သင့်အနေဖြင့် စီးပွားရေးလုပ်ငန်း ဆွေးနွေးမှုပုံစံမျိုး၊ လွယ်ကူသောအပေးအယူတစ်ခု (သို့) တိုးတက်ရန် အင်တာဗျူးကို အလိုရှိတယ်။ သင့်အနေနဲ့ သင်္ကေတအချက်ပြမှုများကို မှန်မှန်ကန်ကန် ဖတ်တတ်ရန်လိုပါတယ်။ အင်တာဗျူးတစ်ခုမှာ ပြောင်းပြန်ဖြစ်တတ်တဲ့ အဆင့်တစ်ခုရှိ တတ်တယ်။ အင်တာဗျူးသမားက ပိုပြီးမျှဝေခံစားလေလေ သင်က ပိုပြီး ရင်ဖွင့်ဖို့မျှော်လင့်ထားလေလေဖြစ်တယ်။ သင်က ပိုပြီးပွင့်လင်းလေလေ၊ အင်တာဗျူးမေးသူထံက ညီမျှတဲ့အဆင့်ကို ပိုပြီးမျှော်လင့်နိုင်လေလေဖြစ်ပါတယ်။ သင့်ရဲ့စွမ်းရည်မှာ သင့်ရဲ့ လူအချင်းချင်း ဆက်ဆံမှုစွမ်းရည်ကို ပြသဖို့ဖြစ်တယ်။

## အင်တာဗျူးအတွက် သင့်အစီအစဉ်

အင်တာဗျူး နှစ်မျိုးနှစ်စားနှင့် စပ်လျဉ်းပြီး အင်တာဗျူးမှလေ့လာရန် အင်တာဗျူးမေးသူထံမှ သင်ဘာအလိုရှိသလဲ။ သင်စီစဉ်ထားတဲ့အချက်တွေက ဘာလဲ။ အင်တာဗျူးမှ သင် ဘာအလိုရှိသလဲ။ တိကျသောအလုပ်တစ်ခုလား။ ဘယ်အလုပ်မဆိုလား။ ယာယီအလုပ်တစ်ခုလား။ အင်တာဗျူးပြီးသွားသောအခါ ဘယ်သတင်းအချက်အလက်ကို သင်သိဖို့လိုအပ်သလဲ။

သင် ဖုံးကွယ်ထားသော အစီအစဉ်တွေက ဘာလဲ။ သင်အလုပ်ကမ်းလှမ်းတာ ရရှိနိုင်ဖို့ သက်သေပြဖို့လိုအပ်သလား။ သင့်ရဲ့လက်ရှိအလုပ်မှာ ပြောင်းရွှေ့ဖို့ (သို့) တိုးတက်တဲ့တစ်နေရာရောက်ရှိဖို့ သင်မျှော်လင့်ထားသလား။ သင်လိုချင်သောငွေကြေး (လစာ)ရရှိဖို့ သင်သိနေသလား။

အဆိုပါအချက်များဟာ အင်တာဗျူးမဖြေခင် သင် စဉ်းစားရမယ့် အချက်များ ဖြစ်ပါတယ်။

mgyoe.com

**Learning** (လေ့လာခြင်း)

(1) Why did you choose economics degree as your major subject in University?

စီးပွားရေးပညာရပ် (ဘောဂဗေဒ)ဒီဂရီကို တက္ကသိုလ်မှာ အဓိက ဘာသာအဖြစ် ဘာကြောင့် သင်ရွေးချယ်ခဲ့သလဲ။

I choose economics because I see it as a way of understanding what happens in the world around us. Economics teaches us how to question what is going on rather than talking anything. So, we can transform this skill into this job.

ကျွန်တော်က စီးပွားရေးဘာသာရပ် (ဘောဂဗေဒ)ကို ရွေးချယ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ဝန်းကျင် ကမ္ဘာကြီးမှာ ဘာဖြစ်ပျက်သလဲဆိုတာ နားလည်ခြင်းနည်းလမ်းတစ်ခုအနေနဲ့ ဘောဂဗေဒကို ကျွန်တော်မြင်မိလို့ပါ။ တစ်စုံတစ်ရာကို ပြုလုပ်ခြင်းထက်စာရင် ဘာဆက်ဖြစ်ပျက်နေသလဲဆိုတာ၊ ဘယ်လိုမေးခွန်းထုတ်ရမလဲဆိုတာ စီးပွားရေးပညာရပ်က ကျွန်တော်တို့ကို သင်ကြားပေးပါတယ်။ အဲဒါကြောင့် ဒီကျွမ်းကျင်မှုကို ဒီအလုပ်ဆီသို့ ကျွန်တော် အသွင်ပြောင်းနိုင်ပါတယ်။

(2) What did you do outside of your studies?

ကျောင်းက လေ့လာမှုရဲ့ပြင်ပမှာ သင်ဘာလုပ်ခဲ့သလဲ။

I was elected as the student representative on my departmental committee. So I attended monthly meetings in my department and fed back the views of the students on the quality of the teaching and on any other issues.

ကျွန်တော့်ကိုကျွန်တော် ဌာနကော်မတီရဲ့ ကျောင်းသားကိုယ်စားလှယ်အဖြစ် ရွေးချယ်ခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော် ဌာနရဲ့လစဉ်အစည်းအဝေးတွေကို တက်ရောက်ခဲ့ပြီး သင်ကြားမှုအရည်အသွေးနဲ့ တခြားကိစ္စရပ်

mgyoe.com

mgyoe.com


တွေအပေါ် ကျောင်းသားတွေရဲ့အမြင်တွေကို တုံ့ပြန်မှုပေးခဲ့ပါတယ်။

(3) What did you learn at University?

တက္ကသိုလ်မှာ မင်းဘာလေ့လာခဲ့သလဲ။

Our course was very much based on tutorial discussions and having to present arguments at seminars. It has helped me to develop my ability to speak in public debate ideas and think on my feet.

ကျွန်တော်တို့ သင်ခန်းစာက ကျူတိုရီရယ်ဆွေးနွေးပွဲတွေမှာ အလွန်ပဲ အခြေခံပါတယ်။ ဆီမီနာ (ဟောပြောပွဲ)တွေမှာ ငြင်းခုံဆွေးနွေးမှုတွေ တင်ပြရပါတယ်။ ဒီအချက်က လူထုရှေ့မှာပြောဆိုဖို့ ကျွန်တော့်စွမ်းရည်ကို ဖွံ့ဖြိုးစေပါတယ်။ အိုင်ဒီယာတွေ အချေအတင် ဆွေးနွေးနိုင်ပါတယ်။ ကျွန်တော် ကိုယ်တိုင် တွေးခေါ်စဉ်းစားတတ်စေပါတယ်။

(4) You studied English major but you now want to work in Law-why?

ခင်ဗျား လေ့လာသင်ကြားခဲ့တာဟာ အင်္ဂလိပ်ဘာသာမေဂျာနော်။ ဒါပေမဲ့ အခု ခင်ဗျားက ဥပဒေနဲ့အလုပ်လုပ်ချင်တယ်ဆိုတော့ ဘာကြောင့်လဲ။

I studied English because I was interested in this subject at university. However, after having some work experience in a small Law firm, I discovered that the day-to-day practice of law of absolutely fascinating. Law combines so many different skill out their needs. So, I've now decided that this would be my dream career.

ကျွန်တော်ဟာ တက္ကသိုလ်မှာ အဲဒီဘာသာရပ်ကို စိတ်ဝင်စားခဲ့လို့ အင်္ဂလိပ်ဘာသာစကားကို လေ့လာသင်ယူခဲ့တာပါ။ ဒါပေမဲ့ ဥပဒေရုံး တစ်ရုံးမှာ လုပ်ငန်းအတွေ့အကြုံအချို့ရရှိပြီးနောက် နိစ္စဓူဝဥပဒေအလေ့

mgyoe.com

mgyoe.com


အထထွေဟာ လုံးဝစွဲမက်ဖွယ်ရာကောင်းတယ်ဆိုတာ ကျွန်တော် ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဥပဒေက အမှုသည်တွေကိုစွ ကိုင်တွယ်ဖြေရှင်းခြင်းနဲ့ သူတို့လိုအင်တွေအတွက် ရှာဖွေစုံစမ်းခြင်းတွေ၊ ကွဲပြားခြားနားတဲ့ ကျွမ်းကျင်မှုများစွာကို ပေါင်းစပ်ပေးပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဥပဒေနဲ့ အသက်မွေးခြင်းဟာ ကျွန်တော့်အိပ်မက်ထဲက အသက်မွေးမှုဖြစ်လိမ့်မယ်လို့ အခု ဆုံးဖြတ်ပြီးပါပြီ။

(5) What have you done to continue your personal development?

မင်းရဲ့ပုဂ္ဂိုလ်ရေး တိုးတက်မှု ဆက်လက်ရရှိဖို့ ဘာလုပ်ခဲ့သလဲ။

I have engaged in a vanety of activities let me share a few with you. Once a week I make it a practice to meet for lunch with a professional colleague or attend a meeting with other professionals.

ကျွန်တော်က လှုပ်ရှားဆောင်ရွက်မှုများစွာနဲ့ ချိတ်ဆက်ပြီးသားပါ။ လူကြီးမင်းကို အနည်းငယ်မျှဝေပေးပါရစေ။ တစ်ပတ်ကိုတစ်ကြိမ်၊ ကျွန်တော်ဟာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ဖော်ကိုင်ဖက်တစ်ဦးနဲ့ နေ့လယ်စာစားဖို့ တွေ့ဆုံဖို့ အလေ့အထပြုလုပ်ပါတယ်။ ဒါမှမဟုတ် တခြားအသက်မွေးဝမ်းကျောင်းဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့အတူ အစည်းအဝေးတစ်ခု တက်ရောက်ပါတယ်။

❖

mgyoe.com

mgyoe.com

# [ ၉ ]

## ကျွမ်းကျင်မှု၏ သီးခြားနယ်ပယ်ကို စူးစမ်းမေးမြန်းခြင်း

အလုပ်ရှင်ဘက်မှ အင်တာဗျူးမေးမြန်းသူဟာ ယေဘုယျမေးခွန်း အနေဖြင့် အလုပ်လျှောက်ထားသူရဲ့ ကျွမ်းကျင်မှုဆိုင်ရာ သီးခြားနယ်ပယ် များ (particular areas of expertise)ကို စူးစမ်းမေးမြန်းလေ့ရှိတယ်။ ယင်းသို့မေးမြန်းရာတွင် အောက်ပါမေးခွန်းများကို မေးမြန်းလေ့ရှိပါတယ်။

(1) What are the areas of expertise that you believe you know better than anyone else?

တစ်ဦးတစ်ယောက်ထက် ပိုကောင်းမယ်လို့ သင်သိထားတဲ့၊ သင်ယုံကြည်တဲ့ ကျွမ်းကျင်မှုဆိုင်ရာ သီးခြားနယ်ပယ်တွေက ဘာလဲ။

သည်မေးခွန်းက Interview ရဲ့ အားအကောင်းဆုံးမေးခွန်း (the strongest question)ဖြစ်နေတတ်တယ်။ အကြောင်းမှုကား သည်မေးခွန်းက အလုပ်လျှောက်ထားသူများအား တခြားအလုပ်လျှောက်ထားသူထက် ပိုမိုအရည်အသွေးပြည့်ဝအောင် ပြုလုပ်နိုင်ဖို့ ရှင်းပြခိုင်းသောကြောင့် ဖြစ်တယ်။ သူတို့ဟာ Job Description မှ Job Requirements များကို ဆုံးဖြတ်နိုင်ကြတယ်။ ကျွမ်းကျင်မှုနယ်ပယ်ဟာ hard skill ဖြစ်နိုင်သလို soft skill လည်းဖြစ်နိုင်ပါတယ်။ Hard Skill များဟာ တစ်စုံတရာ ဝန်းရံထားလိမ့်မယ်။ ယင်းတစ်စုံတရာကို ပညာရေး (education)

mgyoe.com

နဲ့ အတွေ့အကြုံ (experience)အောက်မှာ ဖုံးအုပ်ထားလိမ့်မယ်။ Soft Skill များကို အချို့က လျှော့တွက်ထားကြတယ်။ ယင်း Soft Skill များဟာ လွှဲပြောင်းပေးနိုင်တဲ့ ကျွမ်းကျင်မှုများ (transferable skills) ဖြစ်တယ်။ ထို့ပြင် ပုဂ္ဂိုလ်ရေးဆိုင်ရာ ကြန်အင်လက္ခဏာ (Traits)(သို့) အရည်အသွေးများ (qualities)ဖြစ်ပါတယ်။

အခုအင်တာဗျူးဟာ အလုပ်ရှင်အတွက် ကောင်းမွန်တဲ့ အင်တာဗျူးတစ်ခုဖြစ်တယ်။ အလုပ်ရှင်အတွက် လူမှန် (the right person)ကို အလုပ်အတွက် ရှာဖွေစူးစမ်းနိုင်တယ်။ ဒီမေးခွန်းဖြင့် လူတစ်ဦးစီမှာ ရှိနိုင်တဲ့ hard skill နဲ့ soft skill ကို ခွဲခြားရွေးချယ်နိုင်မှာဖြစ်တယ်။

(2) What is the strongest quality that you can bring to this position?

ဒီရာထူးကို သင်ရရှိနိုင်တဲ့ အားအကောင်းဆုံးအရည်အသွေးက ဘာလဲ။

ဒီမေးခွန်းက What are your strengths?

မင်းရဲ့အားသာချက်တွေက ဘာလဲ။ ဒီမေးခွန်းက အားအကောင်းဆုံး အရည်အသွေးကို မေးခြင်းဖြစ်တယ်။ သင့်အနေဖြင့် ယင်းအရည်အသွေးနဲ့ ပတ်သက်၍ သတင်းအချက်အလက် ပိုမိုလိုအပ်လိမ့်မယ်။

Skills (ကျွမ်းကျင်မှုများ)

(1) Which of your skills do you feel need to be developed more? What are your plans to do so?

သင့်ရဲ့ ဘယ်လိုကျွမ်းကျင်မှုတွေက ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တယ်လို့သင်ခံစားရပါသလဲ။ အဲဒီလိုပြုလုပ်ဖို့ သင့်ရဲ့အစီအစဉ်တွေက ဘာလဲ။

Through my past jobs I have learned a lot about the paper industry. I also learned the trade journals. But, my knowledge of inks has been limited to the printing

mgyoe.com

mgyoe.com

industry. So, I have joined the Paper Products Association to learn more.

ကျွန်တော့်ရဲ့အတိတ်အလုပ်တွေကတစ်ဆင့် ကျွန်တော်ဟာ စက္ကူလုပ်ငန်းနဲ့ ပတ်သက်လို့ အမြောက်အမြားလေ့လာခဲ့ပါတယ်။ ဒါပေမဲ့ မင်တွေနဲ့ ပတ်သက်တဲ့ ကျွန်တော့်ရဲ့ဗဟုသုတကတော့ ပုံနှိပ်လုပ်ငန်းမှာ အကန့်အသတ်ရှိခဲ့ပါတယ်။ အဲဒါကြောင့် ကျွန်တော်ဟာ မကြာသေးမီက ပိုမိုလေ့လာဖို့ စက္ကူထုတ်ကုန်ပစ္စည်းအဖွဲ့အစည်းသို့ ဝင်ရောက်ခဲ့ပါတယ်။

(2) What was your greatest accomplishment while in your current job?

သင့်ရဲ့လက်ရှိအလုပ်လုပ်နေစဉ်မှာ သင့်ရဲ့အကြီးမားဆုံး ပြီးမြောက်အောင်မြင်မှုက ဘာလဲ။

The systematic 5 percent reduction in staff in a respectful, cast-effective manner was my greatest accomplishment in my current job?

လေးစားဖွယ်ကောင်းသော ကုန်ရကျိုးနပ်တဲ့အပြုအမူအနေနဲ့ စနစ်ကျတဲ့ဝန်ထမ်း ၅ ရာခိုင်နှုန်း လျှော့ချခြင်းဟာ လက်ရှိအလုပ်မှာ ကျွန်တော့်ရဲ့ အကြီးမားဆုံးပြီးမြောက်မှုဖြစ်ပါတယ်။

(3) What are your development objectives for the coming years?

လာမယ့်နှစ်တွေအတွက် မင်းရဲ့ဖွံ့ဖြိုးမှုရည်မှန်းချက်တွေက ဘာလဲ။

One of my objectives have always been to move into a creative industry. I believe I can grow and develop my skills within the creative industry.

ကျွန်တော့်ရဲ့ရည်မှန်းချက်တစ်ခုကတော့ ဖန်တီးတတ်တဲ့လုပ်ငန်းတစ်ခုဆီသို့ အစဉ်အမြဲပြောင်းရွှေ့ဖို့ပါပဲ။ ဖန်တီးတတ်မှု၊ လုပ်ငန်းအတွင်းမှာ ကျွန်တော့်ရဲ့ကျွမ်းကျင်မှုတွေ ဖွံ့ဖြိုးတိုးတက်နိုင်တယ်လို့ ကျွန်တော်ယုံကြည်

mgyoe.com

mgyoe.com

ပါတယ်။

(4) Why do you want to work in this field?
ဒီနယ်ပယ်မှာ မင်းဘာကြောင့်လုပ်ချင်တာလဲ။

I selected economics at school because I enjoyed understanding questions about marketing and creating products that make a profit. So, what I want to work is a marketing manager.

ကျွန်တော်ဟာ ကျောင်းမှာ ဘောဂဗေဒဘာသာရပ်ကို ရွေးချယ်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ဟာ မားကက်တင်းနဲ့ပတ်သက်တဲ့ မေးခွန်းတွေ နားလည်ခြင်းကို နှစ်သက်ခဲ့ပါတယ်။ အမြတ်အစွန်းရရှိဖို့ ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေဖန်တီးခြင်းကို ကျွန်တော်နှစ်သက်ပါတယ်။ အဲဒါကြောင့် ကျွန်တော်ဟာ မားကက်တင်းမန်နေဂျာတစ်ဦးအနေနဲ့ အလုပ်လုပ်ချင်ပါတယ်။

(5) What have you done recently to develop yourself?
သင့်ကိုယ်သင် တိုးတက်ဖို့ မကြာသေးမီက သင်ဘာလုပ်ခဲ့သလဲ။

I've just started a diploma course in marketing and sales management. It will take me two years to complete. But I'm confident that it will allow me to be more effective in what I do.

ကျွန်တော်က မားကက်တင်းနဲ့ အရောင်းစီမံခန့်ခွဲမှုမှာ ဒီပလိုမာသင်တန်းကို စတင်တက်ထားပါတယ်။ ကျွန်တော့်အတွက် ဒီသင်တန်းပြီးစီးဖို့ နှစ်နှစ်ကြာပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်လုပ်တာနဲ့ပတ်သက်လို့ အဲဒါက ပိုမိုထိရောက်အကျိုးရှိလိမ့်မယ်လို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါတယ်။

❖

mgyoe.com

mgyoe.com

# ( ၁၀ )

## အလုပ်လျှောက်ထားသူရဲ့ ဆက်သွယ်ရေး ကျွမ်းကျင်မှုများ

အလုပ်လျှောက်ထားသူများတွင် ကျွမ်းကျင်မှုအမျိုးမျိုးရှိကြတယ်။ ယင်းကျွမ်းကျင်မှုများအနက် ဆက်သွယ်ရေးကျွမ်းကျင်မှု (Communication Skills)ဟာလည်း အရေးပါသည်ကို အလုပ်ရှင်များက သိရှိကြတယ်။ ယင်းကျွမ်းကျင်မှုကို Interviewer မှ အောက်ပါမေးခွန်းများဖြင့် မေးလေ့ရှိကြတယ်။

(1) What percentage of your current job requires good communication skills, and how does that percentage fit with the rest of your job?

သင့်လက်ရှိအလုပ်က ကောင်းမွန်တဲ့ ဆက်သွယ်ရေး ကျွမ်းကျင်မှုတွေ ဘယ်လောက်ရာခိုင်နှုန်း လိုအပ်ပါသလဲ။ အဲဒီရာခိုင်နှုန်းက သင့်အလုပ်ရဲ့ ကျန်အပိုင်းနဲ့ ဘယ်လောက်သင့်တော်ကိုက်ညီသလဲ။

ဒီမေးခွန်းကို လေ့လာကြည့်ရင် အားအကောင်းဆုံးလို့ ဆိုနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီမေးခွန်းမှာ အပိုင်းနှစ်ပိုင်းပါရှိပါတယ်။ ပထမအပိုင်းက စကားလုံးတစ်လုံးနဲ့ ဖြေဆိုနိုင်တဲ့ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒုတိယမေးခွန်းကို မေးလိုက်တဲ့အခါ တိကျတဲ့အဖြေကို ပိုမိုလိုချင်တဲ့သဘောဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ၄၀ ရာခိုင်နှုန်းလို့ဖြေလိုက်ရင် သင့်ရဲ့အဖြေက Pro-

mgyoe.com

fessional အပြုအမူကို ကိုယ်စားပြုနေပါတယ်။ ဒါက Communication Skill (ဆက်သွယ်ရေးကျွမ်းကျင်မှု) ၄၀ ရာခိုင်နှုန်းရှိတယ်လို့ ဆိုနိုင်တယ်။ ဥပမာ–ဖုန်းဖြေနေတဲ့ Receptionist ရဲ့အလုပ်က ဆက်သွယ်ရေးကျွမ်းကျင်မှု ၄၀ ရာခိုင်နှုန်းရှိလို့နေတယ်။ ကျန် ၆၀ ရာခိုင်နှုန်းကို Applicant က ဘယ်လိုဖြေမယ်ဆိုတာ အင်တာဗျူးမေးသူက သိချင်တယ်။ အကဲဖြတ်ချင်တယ်။

(2) How do you think your coworkers would describe your communication skills?

မင်းရဲ့ဆက်သွယ်ရေး ကျွမ်းကျင်မှုတွေကို မင်းရဲ့တွဲဖက်လုပ်သားတွေက ဘယ်လိုဖော်ပြမယ်လို့ မင်းထင်သလဲ။

Interview မေးသူက အလုပ်လျှောက်သူရဲ့ တိကျတဲ့ ကြန်အင်လက္ခဏာကို မေးမြန်းခြင်းဖြစ်ပါတယ်။ ဒါက လျှောက်သူအပေါ်မှာ သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေက အလုပ်လျှောက်သူရဲ့ကျွမ်းကျင်မှုတွေကို ဘယ်လို သတ်မှတ်သလဲဆိုတာ စမ်းသပ်ဖို့ အကောင်းဆုံးနည်းလမ်းပဲဖြစ်ပါတယ်။

(3) Tell me your communication skills. Are they excellent, above average or average?

မင်းရဲ့ဆက်သွယ်ရေး ကျွမ်းကျင်မှုတွေကို ပြောပြပါ။ အဲ့ဒါတွေက သိပ်ကောင်းသလား။ ပျမ်းမျှအထက်လား (ဒါမှမဟုတ်) ပျမ်းမျှပဲလား။

ဒီမေးခွန်းက သိပ်အားနည်းပါတယ်။ ဒီမေးခွန်းကြောင့် အဖိုးတန်သတင်းအချက်အလက် မရရှိနိုင်ပါဘူး။ အရောင်းသမားဟာ သူ့ကုန်ပစ္စည်းနဲ့ပတ်သက်လို့ ပျမ်းမျှလို့ပြောရင် ရောင်းရမှာမဟုတ်ပါဘူး။

ဒီမေးခွန်းကို အားကောင်းဖို့ နောက်ထပ်မေးသင့်တဲ့မေးခွန်းကတော့–

Give me an example of a typical day in which you are using your communication skills.

သင့်ရဲ့ဆက်သွယ်ရေးကျွမ်းကျင်မှုကို အသုံးပြုတဲ့ ပုံမှန်နေ့တစ်နေ့ကို

mgyoe.com

mgyoe.com

ဥပမာတစ်ခုပေးနိုင်သလား။

Interviewing is a skill-on both sides of the desk.

အင်တာဗျူးခြင်းဟာ စားပွဲရဲ့ဘက်နှစ်ဖက်စလုံးမှာရှိတဲ့ ကျွမ်းကျင်မှုတစ်ခုဖြစ်တယ်။

အလုပ်လျှောက်ထားသူရော၊ အင်တာဗျူးမေးသူနှစ်ဦးစလုံးဟာ သက်သောင့်သက်သာရှိသော၊ ထိရောက်အကျိုးရှိသော အပြန်အလှန်ဆက်သွယ်မှုအတွက် တာဝန်ရှိပါတယ်။

အလုပ်ခန့်ရာတွင် အလုပ်ရှင်များက ဖော်ပြသော ထိပ်တန်းအကြောင်းရင်းများကို စဉ်းစားကြည့်ပါ။

(၁) လူအချင်းချင်း အပြန်အလှန်ဆက်ဆံရေးပြဿနာများသည် လုပ်ဖော်ကိုင်ဖက်များ (သို့မဟုတ်) အသင်းအဖွဲ့နှင့် အလုပ်လုပ်သောဆက်ဆံမှုကို မတည်ဆောက်နိုင်ချေ။

(၂) မျှော်လင့်ထားမှုအပေါ်တွင် ထိုးထွင်းအမြင်မရှိချေ။

(၃) အဖွဲ့အစည်းအတွင်း နိုင်ငံရေးဆိုင်ရာ အမြင်အားနည်းလှတယ်။

(၄) ဦးစားပေးမှုများ (သို့) အဓိကရည်မှန်းချက်များ မရရှိချေ။

(၅) အလုပ်နှင့် ပုဂ္ဂိုလ်ရေးဘဝအကြား မညီမျှမှု။

ယင်းပြဿနာများကို ကာကွယ်ရန် အောက်ပါအချက်များကို အလုပ်ရှင်များနှင့် အင်တာဗျူးမေးသူများ သိရှိရမှာဖြစ်ပါတယ်။

(၁) လက်ရှိပြဿနာကို ဖြေရှင်းပါ။ မျှော်လင့်ထားသော သင်္ကေတအညွှန်းများနဲ့ ဆောင်ရွက်လို့မရချေ။

(၂) လူများရဲ့ ကွဲပြားခြားနားတဲ့ပုံစံများ၊ အဖွဲ့အစည်းများနဲ့ ကိစ္စရပ်များပြုလုပ်ခြင်းနည်းလမ်းများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ပါ။ ပြောင်းလွယ်ပြင်လွယ် ပြုလုပ်ပါ။

(၃) ခက်ခဲသောဆုံးဖြတ်ချက်ပြုလုပ်ရန် ရှိသောအခါ သုတေသနပြုလုပ်ပြီး ဆုံးဖြတ်ချက်ချပါ။

(1) Have you had a chance to upgrade your skills to the level currently required?

mgyoe.com

mgyoe.com

လက်ရှိအားဖြင့် လိုအပ်တဲ့အဆင့်သို့ သင့်ကျွမ်းကျင်မှုတွေ အဆင့်မြှင့်ဖို့ အခွင့်အရေး သင့်မှာရှိခဲ့သလား။

Yes, now my skills and abilities are well-matched to the requirements of this job. I don't think a day has passed in my career that I didn't improve my skills to some extent.

ဟုတ်ကဲ့။ ယခုအခါ ကျွန်တော့်ကျွမ်းကျင်မှုတွေနဲ့ စွမ်းရည်တွေဟာ ဒီအလုပ်လိုအပ်ချက်တွေနဲ့ ကောင်းစွာကိုက်ညီပါပြီ။ အတိုင်းအတာတစ်ခုအထိ ကျွန်တော့်ကျွမ်းကျင်မှုတွေ မတိုးတက်ခဲ့ဘူးဆိုတာ ကျွန်တော့်အသက်မွေးဝမ်းကျောင်းမှု နေ့တစ်နေ့က ဖြတ်ကျော်ခဲ့တယ်လို့ ကျွန်တော်မထင်ပါဘူး။

(2) Do you see your current or former coworkers socially?

မင်းရဲ့လက်ရှိ (သို့) ယခင်လက်တွဲဖော်လုပ်သားတွေဟာ လူမှုရေးစိတ်တွေကော ရှိရဲ့လား။

We had a practice of volunteering in a reading program at a local school. Often, a group of us from my old department will meet to celebrate a birthday party.

ကျွန်တော်တို့မှာ ကျွန်တော်တို့ဒေသရှိ ကျောင်းတစ်ကျောင်းအတွင်း စာဖတ်ခြင်း ပရိုဂရမ်တစ်ခုမှာ လုပ်အားပေးတဲ့ အလေ့အထရှိခဲ့ပါတယ်။ မကြာခဏဆိုသလို ကျွန်တော်တို့အုပ်စုတစ်စုဟာ မွေးနေ့ပါတီတစ်ခုကျင်းပဖို့ တွေ့ဆုံကြပါတယ်။

(3) If you spotted a colleague doing something unethical or illegal, what would you do?

တရားမဝင် (သို့) ကျင့်ဝတ်နဲ့မညီတဲ့ တစ်စုံတစ်ရာကို လုပ်ဖော်ကိုင်ဖက်တစ်ဦးက ပြုလုပ်နေတာ သင် ညွှန်ပြခဲ့ရရင် သင်ဘာလုပ်မလဲ။

mgyoe.com